ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကစမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 20 August 2019 ၉၇၄၇

# အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလ လုပ်ငန်းများဆောင်ရွက်ခဲ့မှု အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ခြောက်လတာကာလ လုပ်ငန်းများဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ အမျိုးသား ပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ရှင်းလင်းချက်များကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလ(၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက် မှ ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်အထိ) လုပ်ငန်းများဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်က ကော်မရှင်အနေဖြင့် ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကော်မရှင်သည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဟူသော အဂတိတရားလေးပါးကင်းရှင်းလျက် နိုင်ငံတော်၏ ပညာရေး အဆင့်အတန်း စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

## ကြေးမုံ ယနေ့ ဖတ်စရာ

### ရန်ကုန်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်များတွင် ဈေးဆိုင်ခန်းများ ထားရှိရန် စီစဉ်

စာမျက်နှာ » ၆

### တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၉

# တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာကြသော ပြည်သူများအား နှစ်သိမ့်အားပေးရန်နှင့် ထောက်ပံ့မှုများ လျင်မြန်စွာဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ သွားရောက်ပြီး ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့လာရောက်ခြင်းသည် သဘာဝဘေးများအပြင် လူကြောင့်ဖြစ်သောဘေးဖြစ်သည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာကြသော စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# မန္တလေး - လားရှိုး - မူဆယ်လမ်းပေါ်ရှိ မိုင်းခွဲဖျက်ဆီးခံရသည့် ဂုတ်တွင်းတံတား၌ ယာယီဘေလီတံတား တည်ဆောက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့်အဖွဲ့သည် မန္တလေး-လားရှိုး- မူဆယ်လမ်းပေါ်ရှိ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးသွားသည့် ဂုတ်တွင်း သံကူကွန်ကရစ်တံတား ပြည်သူများ အမြန်သွားလာနိုင်ရန်အတွက် (Triple Single) သုံးလွှာတစ်ထပ် နှစ်လမ်းသွား ပေ ၂၁၀ အရှည် ယာယီဘေလီတံတား တည်ဆောက်သည့်နေရာသို့ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**နေရာသတ်မှတ်ပေး**

ပထမဦးစွာ ဘေလီတံတား တပ်ဆင်နေမှုနှင့် သံကူကွန်ကရစ်တံတားဟောင်း၏ ပျက်စီးမှုကိုလည်းကောင်း၊ ကျန်ရှိသောတံတား Pier တိုင်များ၏ ကွန်ကရစ်ခံနိုင်ရည်အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဒုတိယဝန်ကြီးက ပျက်စီးသွားသော ကျောက်မဲဘက်ခြမ်း Pier တိုင်အား ယာယီဘေလီတံတားဖြင့် ကားများဖြတ်သန်းချိန်တွင် ခံနိုင်ရည်ရှိရန်အတွက် Weak Concrete ဖြင့် ယာယီလောင်းပြီး ပြုပြင်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လက်ရှိတံတား၏ အောက်ဘက်တွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အသစ်တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတား Alignment အား နေရာသတ်မှတ်ပေးသည်။

**ဖြတ်သန်းခွင့်ပေး**

လက်ရှိ ဘေလီတံတားတည်ဆောက်မှုကို တံတားအထူးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၆) တို့မှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သား ၂၀၀ ကျော်ဖြင့် သြဂုတ် ၁၆ ရက်မှစ၍ နေ့ရောညပါ အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၉ ရက် ညနေတွင် တံတားအား အပြီးတပ်ဆင်၍ သြဂုတ် ၂၀ ရက်တွင် Load Test စမ်းသပ်ပြီး ၃၆ တန်အောက် ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ စတင်ဖြတ်သန်းခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးသည် မြန်မာနိုင်ငံ၏ အဓိက နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးဖြစ်၍ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်၊ ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် သြဂုတ် ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၇၉ ဦး တက်ရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လာရောက်လေ့လာသူပေါင်း ၅၇၁၁၂ ဦး ရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေးမုံ

## လူငယ်များကျန်းမာကြံ့ခိုင် အနာဂတ်ဖွံ့ဖြိုး

ယနေ့လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်အနာဂတ်အတွက် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ ထိုလူငယ်လူရွယ်များ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်ပါမှ အနာဂတ်နိုင်ငံတော်အကျိုးကို ထိထိရောက်ရောက်သယ်ပိုးနိုင်မည်ဖြစ်သည်။ ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးရေးအတွက် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးသည် အရေးကြီးသောအချက်ဖြစ်သည်။

ယနေ့နည်းပညာခေတ်တွင် ကျောင်းသား ကျောင်းသူ လူငယ်များသည် ယခင်ခေတ်ကာလများနှင့်မတူ ပညာရေးဘက်တွင်သာမက နည်းပညာတိုးတက်ပြောင်းလဲမှုခေတ်ရေစီးကြောင်းတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကျင်လည်လှုပ်ရှားနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ကျောင်းပညာ၊ နည်းပညာတို့နှင့် လူငယ်လူရွယ်ဘဝကို ဖြတ်သန်းနေကြသည့်အပြင် လူငယ်လူရွယ်ဘဝများကို လွှမ်းမိုးဖျက်ဆီးနိုင်သော ပယောဂမျိုးစုံတို့မှာလည်း ပတ်ဝန်းကျင်လောကတွင် နေရာယူလျက်ရှိသည်။

ထို့ကြောင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဘက်၌ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကိုလည်း ထည့်သွင်းစဉ်းစားလာရသည်။ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျောင်းအခြေပြု ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများက ထိရောက်စွာစွမ်းဆောင်နိုင်သဖြင့် ယင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ဇွန်လက ယင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကျင်းပပြီး တူရာလုပ်ငန်းများ စုစည်းလုပ်ကိုင်ရန် စီစဉ်လျက်ရှိသည်။

အရည်အသွေးမြင့်မားသော ပညာရေး၊ ကိုယ်ပိုင်စွမ်းဆောင်ရည်မြင့်မားသောပညာရေးသို့ ဦးတည်ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် သင်ယူမှုဝန်းကျင်ကောင်းဖြင့် သင်ယူတတ်မြောက်မှုစွမ်းရည်မြင့်မားရေးအတွက် ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးပြီး ကျန်းမာပျော်ရွှင်စွာဖြင့် သင်ယူနိုင်စွမ်းရှိရေးသည် အရေးအကြီးဆုံးဖြစ်နေသည်။ ယနေ့ခေတ်ကာလနှင့် ပတ်ဝန်းကျင်အခြေအနေအရ ကျောင်းသား ကျောင်းသူများအနေဖြင့် ဦးနှောက်ကျန်းမာဖွံ့ဖြိုးမှု၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှု လိုအပ်နေသည်ဟု ဆိုရမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲဖော်ဆောင်နေသော ပညာရေးစနစ်သစ်အရ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ တစ်သက်တာသင်ယူမှုကို ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့်ရန်အတွက် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်း၊ သင်ကြားသင်ယူမှု နည်းလမ်းများမြှင့်တင်ခြင်း၊ အလွတ်ကျက်မှတ်သည့်စနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် စစ်ဆေးအကဲဖြတ်မှုပြောင်းလဲခြင်း၊ ကျောင်းလိုအပ်ချက်များ ဖြည့်ဆည်းခြင်းစသည့် ပြုပြင်ပြောင်းလဲမှုများကို မိဘအုပ်ထိန်းသူ၊ ပြည်သူ၊ မိတ်ဖက်အဖွဲ့အစည်း၊ လွှတ်တော်ကိုယ်စားလှယ်၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များပူးပေါင်း၍ ထိထိရောက်ရောက် အကောင်အထည်ဖော်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးရေးအတွက် ဘက်စုံဆောင်ရွက်နေချိန်တွင် ပတ်ဝန်းကျင်နှင့် ခေတ်ရေစီးကြောင်း လွှမ်းမိုးခြင်းစိန်ခေါ်မှုများကို တစ်ဖက်တွင် ရင်ဆိုင်နေရသည်။ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော လူနေထိုင်မှုဘဝပုံစံများ များပြားလာမှု၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာနည်းပါးမှု၊ ကွန်ပျူတာ၊ လက်ကိုင်ဖုန်းဖြင့် လူမှုကွန်ရက်သုံးစွဲမှုနှင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှု၊ စည်းကမ်းမလိုက်နာမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုကြောင့် ဘေးအန္တရာယ်ဖြစ်မှု။ ဆေးလိပ်၊ အရက်၊ ဘီယာနှင့် မူးယစ်ဆေးဝါးစသည့် အန္တရာယ်များနှင့် ကြုံတွေ့နေရသည်။

ထိုစိန်ခေါ်မှုများကို ရင်ဆိုင်စီမံခန့်ခွဲဖြေရှင်းနိုင်ရေးအတွက် ကျောင်းအခြေပြု ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများပါဝင်သည့် အမျိုးသားအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ယခုတက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ဆရာ ဆရာမများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းလျက် ဆွေးနွေးလေ့ကျင့်သင်ကြားပို့ချမှုများကို နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကျောင်းအခြေပြု ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများအား လူထုလှုပ်ရှားမှုအသွင်ဖြင့် အကျိုးရှိထိရောက်စွာ အသိပညာပေးခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၃,၅၀၉ | ၄၂,၀၅၆,၅၀၀ |
| MTSH | ၄,၀၀၀ | ၄,၁၀၀ | ၂,၆၀၆ | ၁၀,၇၉၁,၂၀၀ |
| MCB | ၈,၄၀၀ | ၈,၃၀၀ | ၆၀၉ | ၅,၀၅၄,၈၀၀ |
| FPB | ၂၆,၀၀၀ | ၂၆,၅၀၀ | ၁၅၂ | ၃,၉၇၂,၅၀၀ |
| TMH | ၂,၉၅၀ | ၃,၁၅၀ | ၂,၇၂၀ | ၈,၅၇၅,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် သြဂုတ် ၁၉**

ရန်ကုန်(ရွှေဈေး) ၁၂၂၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၈၉၀ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၉၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၀၀ ကျပ် | ၉၂၀/၉၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၀/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၅/၇၃၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၉.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၆.၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၁၁၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၂၇.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၇၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၈.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉)ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဦးစီးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားအတွက် လိုအပ်သည်များပံ့ပိုးပေးရန် လွှတ်တော်ဥက္ကဋ္ဌများက မှာကြားထားပါကြောင်း၊ အထိမ်းအမှတ်ပြပွဲကို ခမ်းခမ်းနားနား ပြသဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးကိစ္စများကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းကော်မတီများအလိုက် ပြီးစီးဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ပေးရမည့် ကိစ္စများကို တင်ပြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လုံခြုံရေးကော်မတီအနေဖြင့် လုံခြုံရေးစီမံချက်ပါအတိုင်း အပြည့်အဝအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ လိုအပ်ချက်များရှိပါက အစည်းအဝေးတွင် တင်ပြစေလိုကြောင်း၊ လုပ်ငန်းကော်မတီများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန်များကို ဆွေးနွေးညှိနှိုင်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**





# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၂၇/ ၂၀၁၉) ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၇/ ၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Cecile Fradot အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Cecile Fradot အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းချက်အရ စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသူ (၃၄၅၀)အား ဩဂုတ်-၂၂ ရက်တွင် မြန်မာဘက်မှ ပြန်လည်လက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ အဆိုပါပြန်လာမည့်သူများအား ပြန်လည်နေရာချထားမည့် ကျေးရွာများတွင် UNHCR မှ သွားရောက်လိုသည့်ကိစ္စအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏သဘောထားနှင့် UNHCR နှင့်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးပြောကြားသည်။

ယင်းသို့ ပြောကြားရာတွင် ညွှန်ကြားရေးမှူးချုပ်က နေရပ်စွန့်ခွာသူ (၃၄၅၀)အား ပြန်လည်လက်ခံမည့်ကိစ္စကို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်ဖက်သဘောတူညီချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ UNHCR နှင့်မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြန်မာနှင့် ကုလသမဂ္ဂအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ (MoU) ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ UNHCR အနေဖြင့် ပြန်လာမည့်သူများအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးရန်ရှိပါက အဆိုပြုနိုင်ပါကြောင်း၊ မြန်မာဘက်မှလည်း အကူအညီတောင်းခံရန်လိုအပ်သည့်အခါ MoU ပါအတိုင်း မေတ္တာရပ်ခံသွားမည်ဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့် အစီအစဉ်နှင့်နေရာများကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ နှစ်ဖက်သဘောတူညီချက်အတိုင်း အသိပေးပြီးဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ သိရှိလိုသည့် သတင်းအချက်အလက်များလိုအပ်၍ ထပ်မံတောင်းခံလာပါက အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဆောင်ပြီး အာဆီယံမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များ လိုက်ပါသည့်ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ရှိ နေရပ်စွန့်ခွာသူများနေထိုင်သည့် နေရာများသို့ သွားရောက်၍ ပြန်လည်လက်ခံမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းမတိုင်မီကလည်း မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့များ သွားရောက်ပြီး အလားတူ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးထားသည့် MoU ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ UNHCR အနေဖြင့် နေရပ်စွန့်ခွာသူများအား ခေတ္တထားရှိမည့် လှဖိုးခေါင်ကြားစခန်းနှင့် ၎င်းတို့အားပြန်လည်နေရာချထားမည့် ကျေးရွာများတွင် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးနိုင်ပါကြောင်း ပြောကြားသည်။

နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရာတွင် မြန်မာအစိုးရအား ပေးအပ်လိုသည့် ကူညီပံ့ပိုးမှုများကို အစိုးရနှင့်တိုင်ပင်ပြီး ပြုလုပ်နိုင်ရန်အတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့သည် ၂၀၁၈ ခုနှစ် ဇွန် - ၆ ရက်တွင် MoU ကို လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၁၉ ခုနှစ် မေ - ၂၈ ရက်တွင် အဆိုပါ MoU အား (၁)နှစ်သက်တမ်းတိုးသည့် သဘောတူညီချက်ကို နှစ်ဖက်လဲလှယ်ခဲ့သည်။

၎င်း MoU ပါ ပြဋ္ဌာန်းချက်များအရ မြန်မာအစိုးရသည် UNDP နှင့် UNHCR တို့အား ရခိုင်ပြည်နယ်ရှိ ကျေးရွာပေါင်း(၈၀)ကျော်ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁၃ ရက်အထိ လွတ်လပ်စွာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်စေခဲ့ပြီး၊ ကျေးရွာတွင် နေထိုင်သူများနှင့် ပြန်လည်ဝင်ရောက်မည့်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်ရေး (Quick Impact Project- QIP) စီမံကိန်း (၃၄)ခုကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်အထိ ခွင့်ပြုပေးထားပြီးဖြစ်သည်။ နယ်မြေ လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျန်သည့်ကျေးရွာများတွင် လေ့လာဆန်းစစ်မှုများနှင့် QIP များ ဆက်လက်ဆောင်ရွက်ခွင့်ပေးသွားရန်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်း


တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း


ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး


သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး


ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်

✽ ရှေ့ဖုံးမှ

တိုးတက်မြင့်မားလာစေရေးအတွက် ကိုယ်ကျိုးမဖက်ဘဲ စေတနာအပြည့်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာအပေါ် ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍ၌ ကျောင်းအဆင့်တိုးမြှင့်ခြင်းကိစ္စ၊ ကိုယ်ပိုင်ကျောင်းကိစ္စ၊ ဆရာ ဆရာမများခန့်ထားရေးကိစ္စ၊ KG + 12 ပညာရေး(သင်ရိုးညွှန်းတမ်း)ကိစ္စ၊ ဆရာ၊ ကျောင်းသား အချိုးမညီမျှမှုကိစ္စနှင့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စများ၊ နည်းပညာ၊ သက်မွေးပညာကဏ္ဍမှ သင်တန်းဖွင့်လှစ်မှုဆိုင်ရာကိစ္စများ၊ အဆင့်မြင့်ပညာကဏ္ဍ၌ ဆရာ ဆရာမများ၏ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းကိစ္စများနှင့်စပ်လျဉ်း၍ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ကော်မရှင်၏ ၆ လတာကာလ လုပ်ငန်းများဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ရှင်းလင်းချက်တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိ**

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ **ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး**က အသုံးစရိတ်များမသုံးဖြစ်၍ ပိုလျှံပြန်အပ်ငွေများ ဖြစ်ပေါ်လာမှုများအပေါ် တာဝန်ရှိသည့် ဘတ်ဂျက်ရေးဆွဲတင်ပြသူများ၊ လုပ်ငန်းအကောင်အထည်ဖော်မှု အားနည်းသူများကို စိစစ်ဖော်ထုတ်ပြီး အရေးယူသင့်က အရေးယူပေးပါရန် သို့မဟုတ် ပိုလျှံပြန်အပ်ငွေများ နည်းပါးလာစေရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း**က ငွေစာရင်းအရ ယခုတွေ့ရှိနေရသည့် သုံးစွဲနေမှုများအပေါ် မြေပြင်အနေအထားဆောင်ရွက်မှု ရှိ၊ မရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ သက်ဆိုင်ရာတိုင်းဒေသကြီးများရှိ စာရင်းစစ်အဖွဲ့အစည်းများထံ ကြပ်မတ်ညွှန်ကြားပေးရန်နှင့် ပြီးခဲ့သည့် အတိတ်က ဆောင်ရွက်ချက်များကိုအခြေခံပြီး လက်ရှိပစ္စုပ္ပန်တည့်တည့်တွင် အခြေအနေကိုသုံးသပ်၍ လာမည့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ပုံဖော်ဆောင်ရွက်ကြမည်ဆိုပါက ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသည် အမှားနည်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စစ်ဆေးထိန်းကျောင်းရန်လိုအပ်**

**တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း**က တရုတ်နိုင်ငံ Exim Bank ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများသည် မူလသတ်မှတ်ထားသည့်အချိန်တွင် ပြီးစီးမှုမရှိသဖြင့် စီမံကိန်းကာလ ထပ်မံတိုးမြှင့်နေသည်မှာ အစဉ်အလာတစ်ရပ်ကဲ့သို့ ဖြစ်နေပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် စစ်ဆေးထိန်းကျောင်းရန်လိုအပ်ပါကြောင်း၊ နှစ်ကာလ ကြာမြင့်လာသည့်အတွက် စီမံကိန်းစရိတ်များပိုမိုလာ၍ စီမံကိန်းခန့်မှန်းခြေစာရင်း ပိုမိုများပြားလာပါကြောင်း၊ ချေးငွေယူရမည့် သက်တမ်းကုန်ဆုံးသွားပြီး တရုတ်နိုင်ငံ Exim Bank ချေးငွေ ထပ်မံထုတ်ယူ၍ မရတော့သည့်အတွက် စီမံကိန်းဆက်လက်အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်ဘဏ္ဍာငွေမှ မဖြစ်မနေ စိုက်ထုတ်နေရပါကြောင်း ဆွေးနွေးသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းအပိုင်းကို အစီရင်ခံစာတွင် မတွေ့ရှိရပါကြောင်း၊ ထို့ပြင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု၊ ဝန်ထမ်းများအဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကိစ္စရပ်များကိုလည်း အစီရင်ခံစာတွင် ပြည့်ပြည့်စုံစုံဖော်ပြထားမှုမရှိပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့် လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု ရှိ၊ မရှိ စစ်ဆေးခြင်း စသည်တို့ကိုလည်း အစီရင်ခံစာတွင် မတွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၁/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

**ပါဝင်သင့်**

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမ ၆ လပတ်အခွန်ရငွေစာရင်းများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၂/၂၀၁၉) တို့နှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က အစီရင်ခံစာတွင် လျာထားချက်များသည် မည်မျှကျိုးကြောင်းဆီလျော်မှုရှိသည်၊ လျာထားချက်များ ပြည့်မီအောင် မည်သို့ဆောင်ရွက်နေသည်၊ အခွန်ထမ်းပြည်သူများ၏ အခွန်ဆောင်နိုင်စွမ်းနှင့် အခွန်ပေးသွင်းချင်စိတ်ကို မည်သို့မြှင့်တင်မည်၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုအနေဖြင့် မည်သည့်အရာများကို လုပ်နိုင်ခဲ့သည်၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုကြောင့် မည်သို့သော အကျိုးရလဒ်များ ရသည်ဆိုသည့်အချက်များ ပါဝင်သင့်ပါကြောင်း ဆွေးနွေးသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အခွန်ဆိုင်ရာ အချက်အလက်များကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ တိတိကျကျ ကောက်ခံနိုင်ရေးကို ဆောင်ရွက်ရန်၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေများကို တစ်နှစ်အတွင်း ရရှိနိုင်မည့် အခွန်ဘဏ္ဍာငွေများကို ပြည့်ပြည့်ဝဝ ရရှိနိုင်ရေးကို ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်ရန်၊ အခွန်ရငွေနှင့် ဂျီဒီပီအချိုးတိုးတက်လာအောင် ဆောင်ရွက်သည့်နေရာတွင် အခွန်တိုးကောက်ခံခြင်းကို မဆောင်ရွက်ဘဲ အခွန်မရှောင်နိုင်အောင် ဆောင်ရွက်ရန်နှင့် အခွန်ထမ်းကြသည့် အခွန်ထမ်းများကိုယ်တိုင် အခွန်စနစ်ကို သေချာစွာနားလည်သဘောပေါက်လက်ခံပြီး အခွန်ထမ်းခြင်းကို ဂုဏ်ယူတတ်စေရန် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်က လုပ်ငန်းရှင်သစ်များထံမှ အခွန်ငွေသစ်များ ရရှိနိုင်စေရန် လုပ်ငန်းရှင်သစ်များ တိုးပွားလာအောင် သက်ဆိုင်ရာများက ကူညီပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထို့ပြင် ပုန်းကွယ်နေသောလုပ်ငန်းရှင်များကို ရှာဖွေဖော်ထုတ်ပြီး အခွန်ကောက်နိုင်အောင် ကြံဆောင်ကြိုးစားကြရန်နှင့် အခွန်တိမ်းရှောင်နေသူများနှင့် အခွန်ပေးရသက်သာစေရန် မတရားသည့်နည်းလမ်းများဖြင့် ပြုလုပ်ကြံစည် အားပေးနေသူများကိုလည်း ထိန်းချုပ်ရန် နည်းလမ်းရှာဖွေကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံကြီးသား ပီသချင်သူများက အခွန်ဆောင်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်၍ အခွန်ထမ်းမည့်လုပ်ငန်းရှင်များကို ကူညီပေးပြီး အခွန်ဆောင်လုပ်ငန်းရှင်များ မြန်မြန်ဆန်ဆန်ဖြစ်လာအောင် ကူညီပံ့ပိုးသင့်ကြောင်း အကြံပြုတိုက်တွန်း ဆွေးနွေးသည်။

**လုံလောက်အောင် ထောက်ပံ့ပေးသင့်**

**ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း**က မိမိတို့နိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့် နည်းပညာနှင့် နိုင်ငံတကာကျင့်စဉ်ကောင်းများကို အခြေခံ၍ အခွန်စီမံအုပ်ချုပ်ရေးကို ခေတ်မီအောင်ဆောင်ရွက်ရန် အခွန်ထမ်းများကို ၎င်းတို့၏ တာဝန်များနှင့်ပတ်သက်၍ အသိပညာပေးရန်၊ အခွန်ထမ်းဝန်ဆောင်မှုပေးခြင်းနှင့် အရေးယူမှုအစီအစဉ်များကို ညီမျှအောင် ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် ဌာနစွမ်းဆောင်ရည် တိုးတက်စေရန် အခွန်စာရင်းများ စနစ်တကျစစ်ဆေးပြီး အကျင့်ပျက်ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အပြစ်ပေးအရေးယူရန်နှင့် ဝန်ထမ်းအင်အားလိုအပ်ချက်နှင့် ဘတ်ဂျက်လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ လုံလောက်အောင် ထောက်ပံ့ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၂/၂၀၁၉)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်းကြေညာပြီး အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထိုက်ထိုက်**

# ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် သြဂုတ် ၁၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) Mr.Suchart Tonjaroen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထိုင်းနိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ဆက်သွယ်ရေးအရာရှိနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ကလေးအလုပ်သမားဆိုင်ရာကိစ္စ၊ အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာကိစ္စ၊ အလုပ်သမား အခွင့်အရေးဆိုင်ရာကိစ္စ၊ အလုပ်သမားဥပဒေဆိုင်ရာကိစ္စ နှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု၊ မြန်မာနိုင်ငံအနေဖြင့် ILO ၏ ကွန်ဗေးရှင်းအမှတ် ၁၃၈ အား လက်မှတ်ရေးထိုး နိုင်ရေးအတွက် အခြားသောဝန်ကြီးဌာနများ၏ သဘော ထား မှတ်ချက်များရယူ၍ စတင်ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးအတည်ပြုနိုင်ရေးကိစ္စ၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ဥပဒေ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group-HLWG) တွင် အသေးစိတ် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံ များ၊ ILO နှင့် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန် အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■



# ဆက်သွယ်ဆောင်ရွက်မှုနည်းလမ်းများအသုံးပြုရေး ဒေသဆိုင်ရာ အစည်းအဝေးဖွင့်ပွဲ မာဒါဂါစကာနိုင်ငံ၌ ကျင်းပ



**အန်တာနာနာရီဗို ဩဂုတ် ၁၉**

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင် လူသားအကျိုးပြု နျူကလီးယား သိပ္ပံနှင့်နည်းပညာ ငြိမ်းချမ်းစွာ အသုံးပြုခြင်း အသိအမြင် တိုးတက် လာစေရန်အတွက် ဆက်သွယ် ဆောင်ရွက်မှုနည်းလမ်းများ အသုံးပြု ရေးဆိုင်ရာ ဒေသဆိုင်ရာ အစည်း အဝေး ဖွင့်ပွဲအခမ်းအနားကို မာဒါ ဂါစကာနိုင်ငံ အန်တာနာနာရီဗို မြို့တော်တွင် ဩဂုတ် ၁၉ ရက်တွင် ကျင်းပသည်။

**အားပေးမြှင့်တင်ရန်ဖြစ်**

အဆိုပါ အစည်းအဝေးကျင်းပ ရခြင်း ရည်ရွယ်ချက်မှာ နျူကလီးယား နည်းပညာများ၏ အကျိုးကျေးဇူး များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်၊ နျူကလီးယား နည်းပညာဆိုင်ရာ ကောင်းကျိုးများကို အများပြည်သူ သိရှိရန်နှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေ အီးအေ) အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များကို အစိုးရများ၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် အများ ပြည်သူသို့ သတင်းအချက်အလက်နှင့် ဆက်သွယ်စည်းရုံးလုပ်ဆောင်ရာတွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေး မြှင့်တင်ရန်ဖြစ်သည်။

**တက်ရောက်**

ယင်းအစည်းအဝေးသို့ အာဖဂန် နစ္စတန်၊ အန်ဂိုလာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘီနင်၊ ဘူကီနာဖာဆို၊ ဘူရွန်ဒီ၊ ကမ္ဘောဒီးယား၊ ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ ချဒ်၊ ကွန်ဂိုဒီမို ကရက်တစ်သမ္မတနိုင်ငံ၊ အီသီယိုး ပီးယား၊ လီဆိုသို၊ လိုင်ဘေးရီးယား၊ မာလီ၊ မော်ရီတေးနီးယား၊ မိုဇမ်ဘစ်၊ မြန်မာ၊ မာဒါဂါစကာ၊ ဆီနီဂေါ၊ ဆီရာလီယွန်၊ ဆူဒန်၊ တိုဂို၊ ယူဂန်ဒါ၊ တန်ဇန်းနီးယား၊ ယီမင်နှင့် ဇမ်ဘီယာ တို့မှ ကိုယ်စားလှယ် နှစ်ဦးစီနှင့် အိုင်အေအီးအေမှ ကျွမ်းကျင် ပညာရှင် နှစ်ဦး တက်ရောက်ကြ သည်။

အဆိုပါ အစည်းအဝေးကို ဩဂုတ် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည် ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ- အေဝမ်းစိုး**

# တိုက်ပွဲရှောင်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**သီပေါ ဩဂုတ် ၁၉**


ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မိုင်းယောက်ကျေးရွာအုပ်စု မိုင်းတင်းကျေးရွာသို့ တိမ်းရှောင်လာသော တိုက်ပွဲရှောင်ပြည်သူများအား စားသောက်စရာ၊ ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် ကလေးများအတွက် စားစရာမုန့်များကို နယ်စည်းမခြား ပရဟိတ(သီပေါ) ဥက္ကဋ္ဌ ဦးမျိုးလွင်(ကိုမျိုး) နှင့်အဖွဲ့ဝင်များက ဩဂုတ် ၁၉ ရက်တွင် တိုက်ပွဲရှောင်စခန်းအရောက် သွားရောက်ကူညီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါ စေတနာအလှူရှင်များမှာ ဒေါ်ရွှေကြာ(ရန်ကုန်)မှ ဆန် ၁၀ အိတ်နှင့် အလှူငွေကျပ် သုံးသိန်း၊ နဂါးမောက်ခြံဒေါ်နန်းခမ်းလှိုင်က ငွေကျပ် နှစ်သိန်း၊ ရွှေကုန်သာစားသောက်ဆိုင်မှ ငွေကျပ်တစ်သိန်းနှင့် ဆန် ငါးအိတ်၊ တောင်တန်းပြာစားသောက်ဆိုင်မှ ကြက်ဥအလုံး ၂၀၀ နှင့် စားသုံးဆီ တစ်ပုံး၊ မရီရီဝင်းဆန်ဆိုင်မှ စားသုံးဆီတစ်ပုံးနှင့် ရေသန့်ဘူးတို့ကို လှူဒါန်းကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့ရွာ ယဉ်ကျေးမှုပေါင်းစုံပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော International Army Games-2019 ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် မော်စကိုမြို့အနောက်ဘက် ကာလူးဂါမြို့အနီးရှိ ကမ္ဘာ့ရွာ ယဉ်ကျေးမှုပေါင်းစုံ ပြတိုက်ပန်းခြံသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**လှည့်လည်ကြည့်ရှု**

ပြတိုက်ပန်းခြံ၌ သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ရွှေစည်းခုံစေတီတော် ပုံစံတူတည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အရှေ့တောင်အာရှပြခန်း၊ ရုရှားနှင့် ဥရောပနိုင်ငံပြခန်းတို့တွင် ပြသထားသော မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အပါအဝင် ဘာသာရေးခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များ၊ အတွေးအခေါ်ပညာရှင်ကြီးများနှင့် အထင်ကရပုဂ္ဂိုလ်များ၏ ပုံတူထုဆစ်ထားသည့် ရုပ်တုများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် သင်တန်းသား အရာရှိများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြားကာ ညစာအတူတကွ သုံးဆောင်ကြပြီး စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် သင်တန်းသား အရာရှိများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၁/၂၀၁၉)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

**အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်**

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ယနေ့အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအဟောင်းအရ ဌာနစုံပါဝင်သော အဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဥပဒေအသစ်အရ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်ထားသည့်အတွက် စစ်ဆေးရေးအရာရှိများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် စစ်ဆေးသည့်အခါ နည်းစနစ်ကျနစွာဖြင့်



စစ်ဆေးနိုင်ရန်၊ ပညာပေးခြင်းလုပ်ငန်းများ၊ တိုင်ကြားမှုကိစ္စ၊ အခြားဆက်စပ်ဌာနများက အကူအညီတောင်းခံ ဆောင်ရွက်လုပ်ကိုင်သည့်အခါများတွင် စနစ်တကျဖြင့် ဆောင်ရွက်နိုင်စေရန်နှင့် စားသုံးသူပြည်သူများကို ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

ဥပဒေအရ ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပက တင်သွင်းရသည့် ကုန်စည်များအပေါ် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စောင့်ကြည့်စစ်ဆေးရန် ပြဋ္ဌာန်းထားပါကြောင်း၊ စစ်ဆေးရေးအရာရှိများအနေဖြင့် မိမိတို့ စစ်ဆေးတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာအဆင့်ဆင့် ဆက်လက်တင်ပြပြီး ဥပဒေနှင့်အညီ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူကာကွယ်ရေးဥပဒေအသစ်နှင့်ပတ်သက်ပြီး စစ်ဆေးရေးအရာရှိများ မဖြစ်မနေ သိရှိလိုက်နာဆောင်ရွက်သွားရန် လိုအပ်ချက်များကို စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က ပါဝင်ပို့ချသွားမည်ဖြစ်၍ လက်တွေ့နယ်ပယ်တွင် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကို အကောင်းဆုံးအကာအကွယ်ပေးရန် လိုအပ်ပါကြောင်း မှာကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို တစ်ကြိမ်လျှင် ငါးရက်ဖြင့် သုံးကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်များတွင် ဈေးဆိုင်ခန်းများထားရှိရန် စီစဉ်

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်မြို့ရှိ လူစည်ကားသည့် ဘတ်စ်ကားမှတ်တိုင်များတွင် ငါးပေပတ်လည် ဈေးဆိုင်ခန်းများ တည်ဆောက်ငှားရမ်းရန် စီစဉ်နေကြောင်း ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သတင်းအချက်အလက်များ ရယူနိုင်မှုအတွက် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

**အကြံပြုစေချင်**

“ရန်ကုန်ရဲ့ ဘတ်စ်ကားမှတ်တိုင်ဘေးနားမှာ ခေတ်မီမီနဲ့ မှန်လုံခန်းလေးတွေ လုပ်ပေးမယ်။ ဆိုင်ခန်းသေးသေးလေးတွေကို စနစ်တကျပုံစံမျိုးနဲ့ ထားပြီးတော့ လူမှုရေးအဖွဲ့အစည်းတွေကို ပေးမယ်လို့တော့ ပြောထားတယ်။ ကြက်ခြေနီ၊ ကင်းထောက်နဲ့ မသန်စွမ်းအဖွဲ့တွေကို ပေးဖို့လျာထားတယ်။ ဒါပေမယ့် ဘယ်သူတွေကိုလည်း ပေးသင့်တယ်ဆိုတာ အကြံပြုစေချင်ပါတယ်”ဟု မြို့တော်ဝန်က ပြောသည်။

အဆိုပါဆိုင်ခန်းများတွင် ဆေးလိပ်၊ ကွမ်းယာနှင့် အရက်သေစာများ ရောင်းချခြင်းကို ခွင့်မပြုကြောင်း၊ ငွေဖြည့်ကတ်များ၊ Prepaid ကတ်များ၊ သရေစာမုန့်များ ရောင်းချနိုင်ပြီး အားသွင်းဘောက်များကိုလည်း ထားရှိပေးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဆိုင်ခန်းနမူနာပုံစံကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်သူ့ရင်ပြင်အနီး (မြေနီကုန်းမှတ်တိုင်မရောက်ခင်)တွင် ဆိုင်ခန်းများ ချပြထားကြောင်း သိရသည်။

“အဲဒီဆိုင်တွေက ကြက်ခြေနီ၊ ကင်းထောက်၊ ပရဟိတအဖွဲ့တွေတင်မကပါဘူး၊ စိတ်ဝင်စားတဲ့သူတွေ ဖွင့်မယ်ဆို ငှားပေးမယ်။ လျှောက်လို့ရပါတယ်။ နေရာတိုင်းကိုလည်း ဆောက်ဖို့အစီအစဉ်မရှိပါဘူး။ လူအတက်အဆင်းများတဲ့ နေရာမျိုးမှာပဲ ထားမှာပါ။ ၂၄ နာရီဖွင့်ဖို့အထိတော့ မစဉ်းစားထားပါဘူး”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၄) ဒေါ်မေမေသွယ်က ပြောသည်။

အဆိုပါဆိုင်ခန်းများနှင့်ပတ်သက်၍ ဆိုင်ငှားရမ်းခ ဈေးနှုန်းများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဈေးဆိုင်တည်ဆောက်မည့် ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၂၀ ရှိကြောင်း ၎င်းက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ရှိ မြို့နယ် ၃၃ မြို့နယ်တွင် မှတ်တိုင်ပေါင်း ၁၈၀၀ ရှိကြောင်း သိရသည်။

**ဇာနည်မောင်**



# မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ် မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များ ခန့်အပ်ခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပသည့် မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ် မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များခန့်အပ်ခြင်း အခမ်းအနားသို့တက်ရောက်သည်။




**သုတေသနများ စနစ်တကျပြုလုပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ သမိုင်းစဉ်လာကြီးမားသည့် မြန်မာ့တိုင်းရင်းဆေးပညာ စတင်ပေါ်ပေါက်လာသည့် အချိန်မှစ၍ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာမှုများကို မှတ်တမ်းထားရှိနိုင်ရန်အတွက် "မြန်မာနိုင်ငံမှ တိုင်းရင်းဆေး မှတ်တိုင်များစာအုပ်" ကို စနစ်ကျစွာဖြင့် ဝိုင်းဝန်းပြုစုနိုင်ခဲ့ခြင်းအတွက် ပါဝင်ဆောင်ရွက်သူအားလုံးကို ကျေးဇူးတင်ရှိ မှတ်တမ်းတင်ပါကြောင်း၊ ထိုသို့ပါဝင်ဆောင်ရွက်သူအားလုံး၏ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိတ်အားထက်သန်မှုကိုလည်း သိရှိတွေ့မြင်နိုင်ပါကြောင်း၊ ယခုစာအုပ်တွင် ပါဝင်သည့် အချက်အလက်များကို အခြေခံ၍ သုတေသနများ စနစ်တကျပြုလုပ်ကာ မြန်မာ့တိုင်းရင်းဆေးပညာမှတ်တမ်းများနှင့် မှတ်တိုင်များကို ဖော်ထုတ်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ဖွံ့ဖြိုးစေခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

တိုင်းရင်းဆေးတက္ကသိုလ် ဘက်စုံပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြုံငုံဆန်းစစ်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ထွက်ပေါ်လာသော အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဂုဏ်ထူးဆောင် ပါမောက္ခများကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ပုံမှန်တွေ့ဆုံစေပြီး တက္ကသိုလ် ဘက်စုံပိုမိုဖွံ့ဖြိုးရေးဆိုင်ရာ အတွေ့အကြုံများ ဝေမျှဖလှယ်ခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးသုတေသန ညီလာခံများနှင့် တိုင်းရင်းဆေးသမားတော်များညီလာခံများမှ အကြံပြုချက်များကိုလည်း ဦးစားပေးအချက်များအလိုက် သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး)ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်ကိုလည်း ခြုံငုံဆန်းစစ်သုံးသပ်မှုများကို ပြုလုပ်ပြီး အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

"မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်" ကို ပြုစုရာတွင် မှီငြမ်းထားသည့် စာအုပ်များအပါအဝင် ခေတ်အဆက်ဆက်မှ မြန်မာ့တိုင်းရင်းဆေးပညာစာအုပ်စာပေများကို လေ့လာမှုပြုလုပ်ကာ ကောင်းမွန်အသုံးဝင်သည်များကို ထုတ်နုတ်အသုံးချစေလိုပါကြောင်း၊ တိုင်းရင်းဆေးသံတမန်များအနေဖြင့်လည်း တိုင်းရင်းဆေးပညာဆိုင်ရာ ကျန်းမာရေး အသိပညာများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ခြင်းတို့တွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အရည်အသွေးပြည့်ဝမြင့်မားစွာ၊ လွှမ်းခြုံမှုကောင်းစွာ ဆောင်ရွက်နိုင်စေရန် တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးသံတမန်များ၊ တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် ရောင်းချသူများအားလုံးက ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဝိုင်းဝန်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်ပြုစုထုတ်ဝေခဲ့မှုနှင့် တိုင်းရင်းဆေးသံတမန်များ ခန့်အပ်ခြင်းအကြောင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် သူရိယကို ခန့်အပ်လွှာပေးအပ်ပြီး(**ဓါတ်ပုံ**) ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တိုင်းရင်းဆေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသူ မမေခင်ဆုကို ခန့်အပ်လွှာပေးအပ်သည်။

ယင်းနောက် တိုင်းရင်းဆေးသံတမန်များက မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်ကို မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း ဖွင့်လှစ်





**နေပြည်တော် ဩဂုတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်း အမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း (ဒက္ခိဏ)၌ ကျင်းပသည်။

**အွန်လိုင်းမီဒီယာများကို ပိုမိုအသုံးပြုလာ**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မီဒီယာသည် နည်းပညာပြောင်းလဲခြင်းနှင့်အတူ အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိပါကြောင်း၊ လူအများသည် သတင်းအချက်အလက်ရှာဖွေသိရှိရန်အတွက် သမားရိုးကျမီဒီယာများထက် လူမှုမီဒီယာများ အပါအဝင် အွန်လိုင်းမီဒီယာများကို ပိုမိုအသုံးပြုလာနေကြပါကြောင်း။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသော်လည်း မိုဘိုင်းဆင်းကတ်သုံးစွဲမှုသည် သန်း ၆၀ ကျော်ရှိပြီး လူမှုမီဒီယာများသုံးစွဲသူ သန်း ၂၀ ကျော်ရှိသည်ဟုလည်း သိရှိရပါကြောင်း၊ လူမှုမီဒီယာ ထိုးဖောက်မှုမှာ အထူးအားကောင်းလျက်ရှိပြီး သမားရိုးကျမီဒီယာများ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း ကျဆင်းလျက်ရှိပါကြောင်း။

ထိုသို့ ပြည်သူအများက လူမှုမီဒီယာများကို အသုံးများလျက်ရှိသော်လည်း လူမှုမီဒီယာများတွင် တွေ့ရှိရသည့် သတင်းအချက်အလက်များ အားလုံးသည် အမှန်ဟု တစ်ဖက်သတ် မယုံကြည်နိုင်ပါကြောင်း၊ ကောလာဟလများ၊ သတင်းမှားများ၊ သတင်းအတုများ၊ မသမာသော ရည်ရွယ်ချက်ဖြင့် လုပ်ကြံဖန်တီးလိုက်သည့်သတင်းများ၊ အမုန်းစကားများ စသည်တို့ဖြင့် ပြည့်နှက်နေပါကြောင်း။

လူမှုမီဒီယာများတွင် တွေ့ရှိရသည့် သတင်းအချက်အလက်များ၊ ယင်းတို့ကိုဖန်တီးလိုက်သည့် သတင်းအရင်းအမြစ်များနှင့် မီဒီယာများကို စနစ်တကျဆန်းစစ်လေ့လာပြီး ခွဲခြားသိရှိကာ ချင့်ချိန်လက်ခံခြင်းသည် သတင်းအချက်ဆိုင်ရာ သိနားလည်မှုပင် ဖြစ်ပါကြောင်း ပြောကြားသည်။

**လေ့လာသင်ယူရန် လိုအပ်**

ထို့ကြောင့် လူမှုမီဒီယာ အသုံးပြုသူအားလုံး မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို လေ့လာသင်ယူရန် လိုအပ်လာပါကြောင်း၊ ယခုသင်တန်းမှရရှိလာသည့် ဗဟုသုတများကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချပြီး အခြားသူများကို လက်ဆင့်ကမ်း ဖြန့်ဝေနိုင်ရန် ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ၃၇ ဦး တက်ရောက်လျက်ရှိသည်။ **သတင်းစဉ်**

# မန္တလေး-သီပေါ-လားရှိုး-မူဆယ် ဂုတ်တွင်းလမ်းတံတား အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

**သီပေါ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး နောင်ချိုမြို့နယ် ဂုတ်တွင်းကားလမ်း ချောင်းကူးတံတား မိုင်းခွဲဖျက်ဆီးခံရသဖြင့် မူဆယ်-လားရှိုး-မန္တလေး-ရန်ကုန်-နေပြည်တော်အစုန်-အဆန် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်ခရီးစဉ်များ ရပ်ဆိုင်းထား၍ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ သီပေါမြို့၌ ရပ်ဆိုင်းထားသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရသည်။

အဆိုပါ ခရီးစဉ်လမ်းပိုင်း ဂုတ်တွင်းတံတားကို ယခုရက်ပိုင်းတွင် ဖွင့်လှစ်နိုင်ရေးအတွက် တံတားတည်ဆောက်ရေး အထူးအဖွဲ့က အချိန်နှင့်တစ်ပြေးညီ နေ့၊ ညပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယခုတည်ဆောက်နေသည့် တံတား၏ခံနိုင်ဝန်မှာ ၃၆ တန်ဖြစ်ရာ ၁၂ ဘီးယာဉ်များအထိ သွားလာနိုင်မည်ဖြစ်ပြီး တွဲယာဉ်များသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



တစ်ဦးတစ်ပင် စိုက်စေချင်
အစဉ်လုပ ပြည်ကြွယ်ဝ

**✻ ပြည်ထောင်စုဝန်ကြီးမှ**
ပြည်သူများကို နှစ်သိမ့်အားပေးရန်နှင့် ထောက်ပံ့မှုများ အလျင်အမြန်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ယနေ့ဖြစ်ပေါ်လျက်ရှိသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို သုံးသပ်ဆွေးနွေးပေးကြပါရန် ပြောကြားသည်။



**ပြန်လည်ညှိနှိုင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးကြရာ သြဂုတ် ၁၅ ရက်မှ ၁၈ ရက်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ထောက်ပံ့ပေးအပ်ထားမှုအခြေအနေများ၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ထားရှိမှုများ၊ ကယ်ဆယ်ရေးပစ္စည်းများကို ပိုမိုထားရှိပေးနိုင်ရန်၊ ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ သီးသန့်ဖွဲ့စည်းပေးနိုင်ရန် ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန်ဆူရှမ်းကျောင်းသို့ ရောက်ရှိပြီး မန်ဆူဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပုညနန္ဒက သြဝါဒစကားချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲရှောင်ပြည်သူများအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန် ၆၅ အိတ်၊ ငါးသေတ္တာ ၂၆၈ ဘူး၊ ဆီ ၆၇ ပိဿာ၊ ကလေးငယ်များအတွက် အာဟာရမုန့်နှင့် အရုပ်များ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ရင်ခွင်မဲ့ကလေး ၃၂၂ ဦးအတွက် စောင် ၃၂၂ ထည်ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

**ထောက်ပံ့ငွေပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုက်ပွဲရှောင်ပြည်သူများအား ကျွေးမွေးစောင့်ရှောက်လျက်ရှိသော စေတနာရှင်ပြည်သူများ၊ ပရဟိတအဖွဲ့များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကမ္ဘောဇဖောင်ဒေးရှင်းတို့နှင့်အတူ ထမင်းထုပ်နှင့် အစားအသောက်များ ဝေငှခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တိုက်ပွဲရှောင်စခန်းသို့ ရောက်ရှိနေသော မီးဖွားပြီးစမိခင်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးပြည်သူ့ဆေးရုံတွင် တိုက်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်လျက်ရှိသော ပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်၍ မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသားများနှင့်တွေ့ဆုံကာ မိမိတို့ဆန္ဒနှင့်အညီ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ယူတတ်မြောက်ပြီး မူးယစ်သံသရာမှ လွတ်မြောက်ရန် စိတ်ခွန်အားဖြင့် ကြိုးပမ်းကြစေလိုကြောင်း၊ အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးရိပ်သာ၌ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီဝင်များနှင့် တွေ့ဆုံရာ လူငယ်များက မဟာဗျူဟာစီမံချက်ပါ ပညာရေး၊ မူးယစ်ဆေးဝါး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးကဏ္ဍများကို ဦးစားပေးအဖြစ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြို့နယ်ပေါင်းစုံပါဝင်သည့် လူငယ်များအတွက် လူငယ်စင်တာ လိုအပ်လျက်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ရန်ပုံငွေခွဲဝေချထားပေးရာတွင် ရှမ်းပြည်နယ်အနေဖြင့် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတို့အတွက် သီးခြားစီရရှိနိုင်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရုံးလုပ်ငန်းလုပ်ဆောင်ရာတွင် အဆင်ပြေမှုရှိရန် တာဝန်ရှိအစိုးရဝန်ကြီးဌာနများက တိုက်တွန်းပေးကြစေလိုကြောင်း ဆွေးနွေးတင်ပြကြရာ လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီခန်းမ၌ နောင်ချိုဂုတ်တွင်းဖြစ်စဉ်အတွင်း ကျဆုံးသွားသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း ၁၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် သိန်း ၇၀ ကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံအစားအစာပွဲတော်- ၂၀၁၉ ဆက်လက်ကျင်းပ




**နေပြည်တော် သြဂုတ် ၁၉**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် အာဆီယံအစားအစာပွဲတော်- ၂၀၁၉ (မန္တလေး)ကို မန္တလေးမြို့ သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ(MCC)၌ ယနေ့ ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ခရီးသွားကဏ္ဍမြှင့်တင်**

အာဆီယံအစားအစာပွဲတော်- ၂၀၁၉(မန္တလေး)Asean Food Festival – 2019 ကို အာရှနိုင်ငံများ၏ အစားအစာများ၊ မြန်မာ့ရိုးရာအစားအစာများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသာမက မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ အစားအစာများကို နိုင်ငံတကာဧည့်သည်များ ပိုမိုသိရှိလာပြီး အစားအသောက်ကို အခြေခံသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ အစားအစာမျိုးစုံတို့ကို တစ်နေရာတည်းတွင် သုံးဆောင်ခံစားနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ မြှင့်တင်ရေးလှုပ်ရှားမှုတစ်ခုအနေဖြင့် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြခန်း၊ အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ရိုးရာအစားအစာပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ရိုးရာအစားအစာနှင့် ဒေသထွက်ကုန် အစားအသောက်ပြခန်းများ၊ အမှတ်တရလက်ဆောင်အရောင်းပြခန်းများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းပြခန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာပြခန်းများနှင့် မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ ရိုးရာအစားအသောက်ပြခန်းများ ပြသထားသည်။

ယခုကျင်းပသည့် အာဆီယံအစားအစာပွဲတော်- ၂၀၁၉ တွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သည့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံ စုစုပေါင်း ၁၄ နိုင်ငံမှ ပြခန်းပေါင်း ၁၃၀ ကျော် ပါဝင်ပြသပြီး ဖျော်ဖြေမှုများအနေဖြင့် မြန်မာ့ဒေါင်းလန်းကြီးဖြင့် ခေတ်အဆက်ဆက် ပြောင်းလဲအသုံးပြုစားသောက်ပုံများ၊ အစားအစာချက်ပြုတ်ခြင်းဆိုင်ရာ တင်ဆက်မှုများ၊ အဖျော်ယမကာ ဖျော်စပ်ခြင်းဆိုင်ရာ တင်ဆက်မှုများနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သြဂုတ် ၁၉ ရက် ညပိုင်းက မူဆယ်မြို့ဒေသခံပြည်သူများ ညဈေး၌ အေးချမ်းစွာ သွားလာဝယ်ယူနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အယ်လ်စိုး

**❖ MNL ယူ-၁၉မှ**
ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ရောဝတီအသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်၊ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံး၊ ၅၃ မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ၁၅ ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံး၊ ၄၉ မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ဒုတိယ၊ ရန်ကုန်အသင်းက တတိယရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၇၊ ၂၀၁၈ နှင့် ၂၀၁၉ ရာသီတို့တွင် သုံးရာသီဆက်တိုက် ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**




MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲတွင် သုံးကြိမ်ဆက်တိုက်ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်ကစားသမားများနှင့် အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေတို့ အောင်ပွဲခံနေစဉ်။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၁ / ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် "မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ "မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ကျေးရွာနေ မြင့်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ကျေးရွာနေ မြင့်ထွန်း(၃၂)နှစ်၊ (ဘ)ဦးအုန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၁၁၂/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်း မြို့နယ်၊ အစုကြီးကျေးရွာနေ ဝင်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၈-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ အစုကြီးကျေးရွာနေ ဝင်းမြင့်(၄၇)နှစ်၊ (ဘ)ဦးလှတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း)မယ(ပ) ၆၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၇-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၂၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၅၂)ဦး၊ မ(၁၈၀)ဦး၊ ပေါင်း(၁၁၃၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၇၀၃.၂၇၈၄)ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း (၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၆၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၇၉၇၂)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasyအကြေ (၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အဝင် မြစ်ကြီးနား-မိုးကောင်းသွား ကားလမ်းပေါ်၌ သတင်းအရ Passo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မန်ခိန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၁၀)ဂရမ်၊ မိုးကောင်းမြို့နယ်၊ ပင့်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၁၀)ပြား၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈၀၀၀)ပြား၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Prado ယာဉ်နှင့် Nissan X-Trail ယာဉ်တို့အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၂၂၀၀)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ လွယ်ဂျယ်မြို့ အောင်မင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ မန်ရ-ဟန်ထက်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၅၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာ၊ ဒီးမော့ဆို-တောင်ငူသွားကားလမ်းပေါ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ဘားကပ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၆)ပြား၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၃)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၂၁၇)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာ၊ မုဒုံ-ချောင်းနှစ်ခွသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၃၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ သကြောကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာရွက် (၄၈၉.၉)ဂရမ်၊ ယခင်သီတင်းပတ်များ၌ ထုတ်ပြန်ခဲ့သည့် စက်လှေနှစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ် ကျေးရွာများသို့ မျောပါလာသည်ဟု ယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်နှင့် ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း သံဖြူဇရပ်မြို့နယ်၊ ရသေ့တောင်ကျေးရွာ၊ ခမင်းဆိပ်ပိုင်းပင်လယ်ကမ်းစပ်သို့ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် ပလတ်စတစ်ထုပ် (၁)ထုပ်အတွင်းမှ ICE(၁၀၀၀)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဦးစောလှကျွန်းအနီး နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း ရေယာဉ်လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်သို့ ပလတ်စတစ်ပုံးဖြင့် ကူးခတ်နေသည့် အမျိုးသား (၁)ဦးအား လိုက်လံဖမ်းဆီးရာ မိုးရွာခြင်း၊ နှစ်နိုင်ငံနယ်နိမိတ်နီးကပ်နေခြင်းနှင့် ညအမှောင်ထုကို ရောက်ရှိနေခြင်းတို့ကြောင့် ဖမ်းဆီးရမိခြင်းမရှိဘဲ အဆိုပါနေရာအနီးရှိ ကျောပိုးအိတ်(၁)လုံးအတွင်းမှ စိတ်ကြွဆေးပြား(၁၈၅၀၀)ပြား၊ မြို့မတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၆၀၅)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၆၆.၅)ဂရမ်၊ စစ်တွေမြို့ အုန်းတပင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၈)ပြား၊ ရွာကြီးတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ရူပမြောက်ရပ်ကွက်ရှိ တည်းခိုခန်းအား သတင်းအရဝင်ရောက်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၄၅)ပြား၊ ဆေးခြောက်(၀.၆)ဂရမ်၊ မကျည်းမြိုင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃)ပြား၊ တောင်ကုတ်မြို့နယ်၊ ဆိတ်ဖူးတောင်ကျေးရွာ လမ်းပေါ်၌ သတင်းအရ ရပ်တန့်ထားသည့် ဆိုင်ကယ်အားစစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်၊ ရွှေရင်အေးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေအေးကွင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ (၁၁)ဂရမ်၊ အေးသာယာမြို့ အမှတ်(၁) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၆၀)ပြား၊ ရွှေညောင်မြို့နယ်၊ ဟိုနားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၅၀)ပြား၊ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းပေါ်၌ သတင်းအရ Isuzu ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦးထံမှ ICE(၅၀၁၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ လွယ်လောင်ကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၆၀)ပြား၊ ဘိန်းဖြူ(၁၇၅)ဂရမ်၊ အမှတ်(၁၂) ရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၂၀)ပြား၊ဘိန်းဖြူ(၀.၆)ဂရမ်၊ ICE(၆၁၆)ဂရမ်၊ JAC (၆)ဘီး ယာဉ်(၁)စီး၊ ဆိုင်ကယ်(၂)စီး၊ ကွတ်ခိုင်မြို့နယ်၊ မန်ယုံမော်ကျေးရွာဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်စိစစ်ဆဲ တဲဟောင်းအတွင်းနှင့် တစ်ထပ်တိုက် အဆောက်အဦ၏ မြေအောက်ခန်းအတွင်း သိုဝှက်သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား(၇၀၈၆၀၀)ပြား၊ ICE(၅၀၀၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၀၀၀)ဂရမ်၊ Vanillin ဆေးမှုန့်(၂၀၀၀၀)ဂရမ်၊ Dichloromethane (၁၆) လီတာ၊ Propylene Glycol အရည်(၂.၄၅)လီတာ၊ ခါတုဆေးမှုန့်(၂၀၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ နောင်ချိုမြို့အဝင် ရပ်စောက်-နောင်ချိုသွားကားလမ်း တာဖလန်း တံတားရဲကင်းရှေ့၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၁၂၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ သီပေါမြို့နယ်၊ ပန်ညကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၀)ပြား၊ မိုင်းဆတ်မြို့နယ်၊ ပူကျွဲ(၂)ကျေးရွာအနီး မိုင်းဆတ်-ကျိုင်းတုံသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မုန်းကျက်ကျေးရွာ ဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်စဉ် လမ်းဘေးချုံစပ်၌ ဆာလာအိတ်(၁)လုံး အတွင်းမှ ပိုင်ရှင်မဲ့ဘိန်း(၄၈၉၉)ဂရမ်၊ တာချီလိတ်မြို့နယ်၊ ပါကွေ့(အောက်)ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဘိန်းဖြူ (၁၅)ဂရမ်၊ ရန်အောင်မြေရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွ ဆေးပြား(၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိုးတားကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ဘိန်းဖြူ(၉.၃)ဂရမ်၊ စစ်ဆေးဖော်ထုတ်ချက်အရ (၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၀)ဂရမ်၊ ဗန်းမောက်မြို့နယ်၊ ပင်းဟင်းခါးကျေးရွာအနီး ဗန်းမောက်-မံစီသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကျီးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄) ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၀၀၀)ပြား၊ ဘိန်းဖြူ(၇၉၀) ဂရမ်၊ ကောလင်းမြို့ မင်းတဲကြီးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်း(၉.၅)ဂရမ်၊ ဘိန်းရည်(၀.၅) လီတာ၊ ဖောင်းပြင်မြို့နယ်၊ ရွာမကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ Tramadol Capsule(၁၀)တောင့်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ညောင်ရမ်းတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၂၇) ပြား၊ ထပ်မံဖော်ထုတ်ချက်အရ ရှမ္ဗလည်ဆွဲရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၅)ပြား၊ မြိတ်မြို့ ကုန်းဖောက်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ဘိန်းစာမှုန့် (၁၂၀)ဂရမ်၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀)ပြား၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာအဝင် ဒီရေတောအတွင်း ဂျင်းမွေးမြူရေးနှင့်ရောင်းဝယ်ရေးပြုလုပ်ရန် ဆောက်လုပ်ထားသည့် ဂျင်းဖောင်များအား သတင်းအရဝင်ရောက် စစ်ဆေးရှာဖွေစဉ် အမျိုးသား(၁)ဦးမှာ ဒီရေတောအတွင်း ထွက်ပြေးတိမ်းရှောင်သွားပြီး ဂျင်းဖောင်ပေါ်ရှိ မိုးကာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၃၇၆၀)ပြား၊ ကော့သောင်းမြို့နယ်၊ ချောင်းဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၁၀၀)ဂရမ်၊ ဘာလိအော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၁၅)ပြား၊ ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ်၊ ရပ်ကွက်ကြီး(၉)၊ ကန်ပတ်လမ်းနှင့်ပန်းချီတံခါး လမ်းထောင့်ရှိ အမှိုက်ပုံအနီး အချိန်ကြာမြင့်စွာရပ်တန့်ထားသည့် ပိုင်ရှင်စိစစ်ဆဲ Mark-II ယာဉ် နောက်ဖုံးအတွင်းမှ စိတ်ကြွဆေးပြား (၁၉၇၈၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ အမှတ်(၁၇)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပြည်မြို့ ရွှေတံခါးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၄)ပြား၊ ဆေးခြောက်(၅၄၅)ဂရမ်၊ အင်းမမြို့ သီရိရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၇)ပြား၊ ဘိန်းဖြူ(၁)ဂရမ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဝွေးတောက်စမ်းကျေးရွာလမ်းခွဲ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၈) ပြား၊ ဆိုင်ကယ်(၁)စီး၊ ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊(၅၅)ရပ်ကွက်၊ ၆၅×၆၆လမ်းကြား၊ မနော်ဟရီလမ်းပေါ်၌ သတင်းအရ ရပ်တန့်ထားသည့် Van ယာဉ်အားစစ်ဆေးရာတရားခံအမျိုးသား (၁)ဦး၊အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၅၀)ပြား၊ မော်တော်ယာဉ်(၁)စီး စစ်ဆေးဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်ရှိ တရားခံ၏ နေအိမ်၌စိတ်ကြွဆေးပြား (၁၆၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃၃၈)ဂရမ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၂) ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ပြင်ဦးလွင်မြို့နယ်၊ သင်္ဂတုန် ကျေးရွာနှင့် ကျိုင်းတောင်းကျေးရွာကြား၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တောင်လယ်ကျေးရွာ၊ သစ်ခွဲပင်သစ်ဆိပ်အနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပျော်ဘွယ်မြို့နယ်၊ သဖန်းကျောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၇၀)ပြား၊ မိတ္ထီလာမြို့ ရန်မျိုးအောင်

စာမျက်နှာ ၁၀ သို့ »»

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့်
ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ။)**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရဖြစ်စေ မြေတစ်ရပ်ကို အများပြည်သူအကျိုးအလို့ငှာ အမြဲတမ်း သို့မဟုတ် ယာယီလိုအပ်မှုအပါအဝင် မြေကိုလိုအပ်သမျှအသုံးပြုမှု၊ လက်ဝယ်ထိန်းသိမ်းထားမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများအတွက် မြေသိမ်းဆည်းခြင်း၊ လျော်ကြေး၊ နစ်နာကြေးငွေပေးအပ်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လူမှုစီးပွားရေးဘဝပြန်လည်ထူထောင်ခြင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်စေရမည်။ ထို့အပြင် အောက်ပါကိစ္စရပ်များနှင့်လည်း အကျုံးဝင်သက်ဆိုင်စေရမည် -

(က) နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် မြေလိုအပ်မှုများ၊

(ခ) အမျိုးသားစီးပွားရေးမူဝါဒအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်စီမံကိန်းများ၊

(ဂ) အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊

(ဃ) မြို့ပြနှင့် ကျေးရွာ တိုးချဲ့တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊

(င) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ကိစ္စရပ်များ၊

(စ) လယ်ယာမြေ သိမ်းဆည်းခြင်းအတွက် လယ်ယာမြေဥပဒေအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်ရယူခြင်းအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လည်းကောင်း လျော်ကြေးနှင့် နစ်နာကြေးများ ပေးဆောင်ခြင်းတို့မှအပ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေသိမ်းဆည်းသည့်ကိစ္စရပ်များ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေ** ဆိုသည်မှာ မြေနှင့်မြေမှထွက်ပေါ်သော အကျိုးအမြတ်များ၊ မြေတွင်စွဲကပ်နေသော အရာဝတ္ထုများ သို့မဟုတ် မြေတွင် စွဲကပ်နေသောအရာတစ်ခုခု၌ ထာဝရတွယ်ကပ်ထားသည့် အရာဝတ္ထုများကို ဆိုသည်။

(ခ) **အိမ်ထောင်သားစု** ဆိုသည်မှာ သွေးသားတော်စပ်၍ဖြစ်စေ၊ အိမ်ထောင်မှုဖြင့် တော်စပ်၍ဖြစ်စေ အတူတကွ နေထိုင်လျက်ရှိသော မိသားစုကို ဆိုသည်။

(ဂ) **မြေပိုင်ဆိုင်ခွင့်ရှိသူ** ဆိုသည်မှာ မြေသိမ်းဆည်းခြင်းပြုသည့်အတွက် ထိခိုက်နစ်နာမှုရှိသဖြင့် လျော်ကြေး၊ နစ်နာကြေးနှင့် ဤဥပဒေအရပေးအပ်သော အခြားအခွင့်အရေးများကို တောင်းဆိုခွင့်ရှိပြီး မြေကိုခိုင်လုံသောအထောက်အထားဖြင့် ပိုင်ဆိုင်သူနှင့် ၎င်း၏အိမ်ထောင်သားစုတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ထိခိုက်နစ်နာမှုရှိသော အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည်-

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြေယာမှတ်တမ်းများတွင် မြေ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်း၏ပိုင်ရှင်ဖြစ်ကြောင်း၊ လက်ဝယ်ထားပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အသုံးပြုခွင့်ရသူဖြစ်ကြောင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း တရားဝင်မှတ်တမ်းတင်ထားသူ၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေရရှိသူ သို့မဟုတ် ပိုင်ဆိုင်ခွင့်ရရှိသူ၊

(၃) တရားရုံး၏အမိန့်ဖြင့်ဖြစ်စေ၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏အမိန့်ဖြင့်ဖြစ်စေ မြေပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာခြင်းခံရသူ သို့မဟုတ် စာရင်းသွင်းခံရသူ၊

(၄) တရားဝင်မှတ်တမ်း အထောက်အထားမရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ထုံးတမ်းစဉ်လာများနှင့်အညီ ပိုင်ဆိုင်သည်ဟု ဒေသခံအစုအဖွဲ့က လက်ခံထားသည့်အပေါ် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အသိအမှတ်ပြုခြင်းခံရသူ။

(ဃ) **မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း** ဆိုသည်မှာ မြေကို အများပြည်သူ အကျိုးအလို့ငှာ အသုံးပြုရေးအတွက် ဤဥပဒေအရ သိမ်းဆည်းရန်အဆိုပြုသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(င) **မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကိုသိမ်းဆည်းရန် ရည်ရွယ်ကြောင်းကိုလည်းကောင်း၊ အများပြည်သူသို့ ကန့်ကွက်နိုင်ရန်နှင့် ရပိုင်ခွင့်များ တောင်းဆိုနိုင်ရန်လည်းကောင်း၊ မြေသိမ်းဆည်းရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရန်လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးသည့် အမိန့်ကြော်ငြာစာကို ဆိုသည်။

(စ) **မြေကို သိမ်းယူမည်ဖြစ်ကြောင်းအမိန့်ကြော်ငြာစာ** ဆိုသည်မှာ မြေကိုသိမ်းယူရန် ပဏာမ စစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းကို ဆိုသည်။

(ဆ) **မြေကိုလက်ရောက်သိမ်းဆည်းခြင်း** ဆိုသည်မှာ သာမန်အားဖြင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ အဆိုပြုသည့် မြေအား ကြွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်ဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ လက်ရောက်ရယူခြင်းကို ဆိုသည်။

(ဇ) **အများပြည်သူအကျိုးအလို့ငှာ** ဆိုသည်မှာ ပုဒ်မ ၂ ပါ ဤဥပဒေနှင့် သက်ဆိုင်အကျုံးဝင်သည့် ကိစ္စများတွင် အများပြည်သူ အကျိုးစီးပွားအတွက်ရည်ရွယ်၍ အနည်းဆုံးလိုအပ်သမျှ မြေကိုသာ မြေသိမ်းဆည်းသည့်ကိစ္စ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဈ) **တရားရုံး** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရားလွှတ်တော်နှင့် ခရိုင်အဆင့်စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးကို ဆိုသည်။

(ည) **ထိခိုက်နစ်နာမှု** ဆိုရာတွင် မြေကိုသိမ်းဆည်းသည့်အတွက် အောက်ပါအကျိုးစီးပွားတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ထိခိုက်နစ်နာမှုနှင့် ဆုံးရှုံးမှုတို့ပါဝင်သည်-

(၁) သိမ်းဆည်းခြင်းခံရသည့် မြေ သို့မဟုတ် မြေပေါ်ရှိ လူနေအိမ်ရာနှင့် အခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်လွှတ်ဆုံးရှုံးခြင်း၊

(၂) အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသော မြေ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆုံးရှုံးရခြင်း၊

(၃) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားရှိသော သိမ်းဆည်းသည့်မြေကို အကြောင်းပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စားဝတ်နေရေး ထိခိုက်နစ်နာရခြင်း၊

(ဋ) **သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူ** ဆိုရာတွင် မြေကို သိမ်းဆည်းသည့်အတွက် ထိုမြေနှင့် ဆက်နွှယ်၍ ထိခိုက်နစ်နာမှုရှိသော အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

(၁) သီးစားလုပ်ကိုင်သူ၊

(၂) ငှားရမ်း၍ လုပ်ကိုင်သူ၊

(၃) ဖက်စပ်လုပ်ကိုင်သူနှင့် အကျိုးတူလုပ်ကိုင်သူ၊

(၄) မြေကို တရားဝင်ပိုင်ဆိုင်မှုမရှိသော်လည်း သိမ်းဆည်းသည့် မြေပေါ်တွင် သိမ်းဆည်းခြင်းမပြုမီ အနည်းဆုံး ၁၂ နှစ် တစ်ဆက်တစ်စပ်တည်း လက်ဝယ်ထားရှိ လုပ်ကိုင်သူအဖြစ်ဖြစ်စေ၊ အမှန်တကယ် လယ်ယာလုပ်သားအဖြစ်ဖြင့် ဖြစ်စေ၊ လက်ခစားအဖြစ်ဖြင့်ဖြစ်စေ လုပ်ကိုင်လျက်ရှိသူ။

(ဌ) **ထိခိုက်နစ်နာသူ** ဆိုသည်မှာ မြေကို သိမ်းဆည်းသည့်အတွက် ထိခိုက်နစ်နာမှုရှိသော မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူတို့ကို ဆိုသည်။

(ဍ) **အဆောတလျင်မြေသိမ်းဆည်းခြင်း** ဆိုသည်မှာ အရေးပေါ်ဖြစ်ပေါ်လာသည့်ကိစ္စ တစ်ရပ်ရပ်အပေါ်အခြေခံ၍ အများပြည်သူအကျိုးအလို့ငှာ မလွှဲမရှောင်သာသော အခြေအနေတစ်ရပ်ရပ်တွင် အလျင်အမြန် မြေသိမ်းဆည်းခြင်းကိုဆိုသည်။

(ဎ) **ယာယီမြေသိမ်းဆည်းခြင်း** ဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ ငါးနှစ်ထက်မပိုစေဘဲ ထိုကာလတစ်ခုအတွင်း အများပြည်သူအကျိုးအလို့ငှာ ယာယီ အသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်။

(ဏ) **မြေသိမ်းဆည်းမှုကုန်ကျစရိတ်** ဆိုရာတွင် မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းအတွက် ဆောင်ရွက်ရာ၌ ကုန်ကျသော အောက်ပါစရိတ်ငွေများ ပါဝင်သည်-

(၁) လျော်ကြေးနှင့် နစ်နာကြေးများ၊

(၂) မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတို့ ညှိနှိုင်းသဘောတူညီချက်အရ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းပြုရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်များအပါအဝင် အထွေထွေကုန်ကျစရိတ်များ၊

(၃) အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေးကုန်ကျစရိတ်များ။

**(ဆက်လက်ဖော်ပြပါမည်)**

»» စာမျက်နှာ ၉ မှ

ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ သိုဝှက်ထားသည့် မိတ္ထီလာ-မလှိုင်သွားကားလမ်း မိုင်တိုင်(၃/၆)အနီး ထနောင်းပင်အောက်မှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀)ပြား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အမှတ်(၂)လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက်(၅၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ မဲဇလီစစ်ဆေးရေးဂိတ်၌ သတင်းအရ Probox ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၁)ပြား၊ မော်တော်ယာဉ်(၁)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ညေင်းကုန်းကျေးရွာထိပ် ထီလုံတာဘောင်ကားလမ်းပေါ်၌ သတင်းအရ Airwave ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၀၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၀.၃)ဂရမ်၊ ကာဘိုင်သေနတ်(၁)လက်၊ ၎င်းကျည်(၂၅)တောင့်၊ ၎င်းကျည်အိမ်(၃)ခု၊ လက်လုပ်ဂက်စ်သေနတ်အရှည်(၁)လက်၊ သစ်သားသေနတ်ဒင်(၁)ခု၊ လက်ပစ်ဗုံး(၃)လုံး၊ ပစ္စတိုကျည်(၁၀)တောင့်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၁-၈-၂၀၁၉ရက်နေ့မှ ၁၇-၈-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း (၂၃၆)မှု၊ တရားခံကျား (၃၀၆)ဦး၊ မ(၃၉)ဦး၊ ပေါင်း(၃၄၅)ဦး၊ စိတ်ကြွဆေးပြား (၁၀၀၈၉၀၉)ပြား၊ ဘိန်းဖြူ (၃၆၇၂.၈၇၇၁)ဂရမ်၊ ICE(၅၀၇၇၃၆.၁၁)ဂရမ်၊ ဘိန်း(၅၁၁၄.၅၈)ဂရမ်၊ ဘိန်းရည်(၀.၅)လီတာ၊ အဆင့်နိမ့်ဘိန်း (၃၀၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၁)ဂရမ်၊ဘိန်းစာမှုန့်(၁၂၀)ဂရမ်၊ ဘိန်းစာရွက်(၄၈၉.၉)ဂရမ်၊ ဆေးခြောက် (၁၁၂၆.၉၅) ဂရမ်၊ Tramadol Capsule(၁၀)တောင့်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၀၇.၃)ဂရမ်၊ ဓာတုဆေးမှုန့် (၂၀၀၀၀)ဂရမ်၊Vanillin ဆေးမှုန့်(၂၀၀၀၀)ဂရမ်၊ Dichloromethane (၁၆)လီတာ၊ Propylene Glycol အရည်(၂.၄၅)လီတာနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်မျိုးစုံ (၂)လက်၊ ကျည်မျိုးစုံ (၃၅)တောင့်၊ လက်ပစ်ဗုံး(၃)လုံး၊ ကျည်အိမ်(၃)ခု၊ သစ်သားသေနတ်ဒင်(၁)ခုတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ရုပ်ရှင်ဇာတ်ကားကောင်းများ ပိုမိုထွက်ရှိရေး ကြိုးပမ်းလုပ်ဆောင်လာ

**ရန်ကုန်  ဩဂုတ်  ၁၉**

ရုပ်ရှင်ဇာတ်ကားအချို့မှာ ရုံတင်ပြသခွင့်ရရန် နှစ်နှစ်ခန့် စောင့်ဆိုင်းခဲ့ရပြီး ရုံတင်ပြသချိန်တွင်လည်း ပရိသတ်အားပေးမှုပေါ်မူတည်၍ ပွဲချိန်အတိုးအလျှော့ကို အဆင်ပြေအောင် စီစဉ်ဆောင်ရွက်နေရကြောင်း သိရသည်။

"အခုရက်ပိုင်း ရုံတင်နေတဲ့ **အလီဘာဘာနှင့်ခိုးသားငါးယောက်၊ လွမ်းဒဏ္ဍာရီ၊ ကြီးမြတ်သောမြန်မာ** ဇာတ်ကားတွေဟာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလနဲ့ မတ်လအတွင်းက ခွင့်ပြုထားတဲ့ ဇာတ်ကားတွေဖြစ်လို့ နှစ်နှစ်ခန့်စီ ရှိကြပါတယ်။ အဲဒီဇာတ်ကားတွေ ရုံတင်ဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ ရုံရက်ချိတ်တဲ့ အစည်းအဝေးပြုလုပ်ရာမှာလည်း ရုံအုပ်စုနှစ်ခုက ရွေးချယ်ခဲ့တဲ့ ဇာတ်ကားတွေ ဖြစ်ပါတယ်။ ဒီလို ရွေးချယ်ရာမှာ ထုတ်လုပ်သူအားလုံးရဲ့ရိုက်ကူးပြီးစီးသွားတဲ့ ဇာတ်ကားတွေကို ရုံတင်ပြသနိုင်ဖို့ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်ပေးတာဖြစ်တယ်။ အားနည်းတဲ့ကားတွေရှိသလို အားသာတဲ့ကားတွေလည်း ရှိပါတယ်။ ဇာတ်ကားအားလုံးပြသနိုင်ဖို့၊ ရုပ်ရှင်ရုံတွေ ပိတ်မထားရအောင်နဲ့ အားလပ်ရက်တွေမှာ ပြည်သူတွေ အပြည့်အဝ အပန်းဖြေနိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ စီစဉ်ဆောင်ရွက်ပေးပါတယ်။ သို့သော်လည်း ပရိသတ်အားပေးမှုနည်းတဲ့ ဇာတ်ကားအချို့ကတော့ ပွဲပိတ်ရတာ ရှိပါတယ်" ဟု ရုပ်ရှင်ရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ရုပ်ရှင်ဇာတ်ကားအချို့ ပွဲပိတ်ရခြင်း၊ ပွဲချိန်လျှော့ပြသရခြင်းမျိုး ၂၀၁၈ ခုနှစ်ကလည်း ရှိခဲ့ကြောင်း၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု များပြားလာမှုနှင့်အတူ ရုံတင်ပြသမှုတွင်လည်း ကန့်သတ်ချက်များ ရှိလာကြောင်း၊ ယခင် Film ခေတ်တွင် ဇာတ်ကားထုတ်လုပ်မှုနည်းပြီး ရုပ်ရှင်ရုံများတွင် တစ်ပြိုင်တည်းပြသနိုင်မှု မရှိခဲ့သဖြင့် တစ်ပတ်လျှင်တစ်ကားစနစ်ဖြင့် ပြသနိုင်ခဲ့သော်လည်း ယခုအခါ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုများပြားလာမှုကြောင့် ရုံအုပ်စုနှစ်ခုအနေဖြင့် ရုပ်ရှင်ဇာတ်ကားများရွေးချယ်ပြီး တစ်ပတ်လျှင် နှစ်ကားဖြင့် ရုံတင်နေကြောင်း၊ တစ်ခါတစ်ရံတွင် ထုတ်လုပ်သူများနှင့် ရုံပိုင်ရှင်တို့ ညှိနှိုင်းမှုအရ တစ်ပတ်လျှင် သုံးကားလည်းဖြစ်တတ်ကြောင်း၊ ယှဉ်ပြိုင်မှုတွေ မြင့်တက်လာကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြုလုပ်နိုင်မှသာ အဆင်ပြေချောမွေ့မှုရှိကြောင်း၊ ဘက်စုံပြည့်စုံကောင်းမွန်အောင် ကြိုးစားသည့် ရုပ်ရှင်ဇာတ်ကားမျိုးသာ ပွဲချိန်လျှော့ပေးရခြင်းမရှိဘဲ တိုးပေးရခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်မှာ **မုန်းစွဲ**၊ ၂၀၁၉ ခုနှစ်မှာ **နိုင်ငံကြီးသားနဲ့ သူစိမ်းအိမ်** ရုပ်ရှင်ဇာတ်ကားတွေဆိုရင် ပရိသတ်အကြိုက်များလို့ ဒီဘက်အုပ်စုက ရွေးပေမယ့် ဟိုဘက်အုပ်စုက ရုံထပ်ပေးတယ်၊ အလားတူ ဟိုဘက်အုပ်စုက ရွေးရင်လည်း ဒီဘက်အုပ်စုက ရုံထပ်ပေးတာမျိုးရှိတယ်။ ပရိသတ်အားပေးမှုအပေါ်မူတည်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အများစုကတော့ ရုံတင်ပြသရမယ့် သတ်မှတ်ရက်အတွင်းမှာ ပုံမှန်ပြသနိုင်တဲ့ကားတွေဖြစ်ပါတယ်" ဟု ရုပ်ရှင်ရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရုပ်ရှင်ပြသရေးစနစ် ယခုထက်ပိုမိုကောင်းမွန်စေရန်အတွက် ရုပ်ရှင်ရုံလုပ်ငန်းပိုင်ရှင်များနှင့် ထုတ်လုပ်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေသကဲ့သို့ ပွဲချိန်မလျှော့ရသော၊ ပွဲချိန်တိုးပြသခွင့်ရသော ဇာတ်ကားကောင်းများ ပိုမိုထွက်ရှိရေးအတွက်လည်း ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် အနုပညာရှင်များအနေဖြင့် ပိုမိုကြိုးပမ်းလုပ်ဆောင်လာကြကြောင်း သိရသည်။

**လင်းနိုင်**

## ကျားကျားကြိုက်ကြိုက်ဇာတ်မြူးရုပ်ရှင်ကို ဩဂုတ် ၂၉ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန်  ဩဂုတ်  ၁၉**

ရုပ်ရှင် အနုပညာရှင်များ၏ နောက်ကွယ်မှ အလှဖန်တီးပေးနေသည့် မိတ်ကပ်ပညာရှင်များ၏ သရုပ်ဆောင်မှုများဖြင့် ရိုက်ကူးထားသည့် ကျားကျားကြိုက်ကြိုက် Comedy ဇာတ်မြူးရုပ်ရှင်ကို ဩဂုတ် ၂၉ ရက်တွင် နိုင်ငံတစ်ဝန်း ရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့ညက ရန်ကုန်မြို့ Junction City JCGV ရုပ်ရှင်ရုံတွင် ပြသသည့် ရုပ်ရှင်အထူးပြပွဲမှသိရသည်။



မင်းမော်ကွန်း



သုသု



ထက် (pop soul)

**ရိုက်ကူးထား**

ကျားကျားကြိုက်ကြိုက် ရုပ်ရှင်ကို Half & Half ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထားပြီး ဇာတ်ညွှန်း ဒီဒီထက်အောင်၊ ဇာတ်လမ်းနှင့်ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ ဝါရင့်သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မြင့်မြတ်၊ ကေညီနှင့် မိတ်ကပ်ပညာရှင်များဖြစ်ကြသည့် ခင်စန်းဝင်း၊ သုသု၊ လင်းလင်း၊ ထက် (pop soul)၊ တက္ကသိုလ်ဂွမ်းပုံ၊ ဧည့်သည်သရုပ်ဆောင် ထက်ထက်ထွန်း၊ ရွှေရင်အေး၊ အုန်းသီး၊ ချက်ကြီး၊ ဖိုးသဲ၊ စိန်သီး၊ စိုပြေ၊ ဟားတစ်သိုက်အဖွဲ့၊ မိတ်ကပ် အန်တီမင်း၏ ချစ်သမီးများ ပါဝင်သရုပ်ဆောင်ထားကာ ရယ်မောပျော်ရွှင်ဖွယ် အပျော်ခရီးသွား ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် ရိုက်ကူးထားသည်။

**ပံ့ပိုးပေးနေ**

"ကျွန်တော်နဲ့ မြင့်မြတ် တစ်ခါမှ ဒီလိုဟာသကား တွဲမရိုက်ဖူးဘူး။ သူကလည်း ဟာသကို ကျွမ်းကျင်နားလည်တဲ့ မင်းသားတစ်ယောက်ဖြစ်လို့ သူနဲ့ရိုက်ချင်လို့ လက်ခံတာ ဖြစ်ပါတယ်။ ဒီလို မိတ်ကပ်ပညာရှင်တွေအစုံနဲ့ ရိုက်တာမရှိသေးဘူး။ သူတို့က ကျွန်တော်တို့ နောက်ကွယ်ကနေ ပံ့ပိုးပေးနေကြတာဖြစ်ပြီး ဒီတစ်ခါ တွဲရိုက်ပေးရမှာဆိုတော့ ရင်ခုန်ဖို့ကောင်းတယ်။ သူတို့က ဒီလောကထဲမှာ နေနေတာဆိုတော့ မစိမ်းပါဘူး။ သူတို့သရုပ်ဆောင်တာက အပြင်မှာ တကယ်လုပ်နေတာနဲ့တူတယ်။ ဒီကားက ပေါ့ပေါ့ပါးပါးနဲ့ ရယ်ရမယ့်ကားပါ" ဟု အကယ်ဒမီ မင်းမော်ကွန်းက ပြောသည်။

**အမောတွေပြေစေ**

"အကောင်းဆုံးတော့လုပ်ထားတာပဲ၊ ရိုက်ကူးရေးအတွေ့အကြုံ အသစ်ဆိုတော့ လိုအပ်ချက်တွေရှိပါတယ်။ ဒါရိုက်တာ ကိုပြည်ဟိန်းသီဟက သေချာသင်ပေးထားတာဆိုတော့ အဆင်ပြေပါတယ်။ ဒီကားထဲမှာ အပြင်က မိတ်ကပ်ပညာရှင်အနေနဲ့ပဲ မြင်ရမှာပါ၊ ပေလီလမ်းနဲ့ဆင်တူတဲ့ မော်ဘီဘက်က ပဲခူးရိုးမထဲမှာ အသွားအပြန် ကားတွေနဲ့သွားရိုက်ရတာ ပင်ပန်းပြီး ဘဝအတွက် ပထမကားလည်းဖြစ်လို့ အမှတ်တရပါပဲ၊ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်။ ခုခေတ်က ကားကောင်းတွေမှ ပေါက်တာဆိုတော့ ပရိဂျူဆာကိုလည်း ပေါက်စေချင်ပါတယ်။ ကိုယ်တွေလည်း နောက်ထပ် ရိုက်ချင်ပါတယ်၊ မိန်းမလျာတွေရဲ့ ကာရိုက်တာ အတိုင်းကိုပဲ ရိုက်ထားတာပါ၊ ပရိသတ်ကြီး ကြည့်ပြီး လိုအပ်ချက်တွေ ရှိရင်လည်း ဝေဖန်ပေးပါ၊ ပရိသတ်ကြည့်မိရင်လည်း ရယ်စရာတွေနဲ့ အမောတွေပြေစေမှာပါ။ ချစ်တဲ့မျက်လုံးလေးတွေနဲ့ ကြည့်ပေးပါ။ အကောင်းဆုံးအကြံပေးပြီးတော့ အားပေးပါ" ဟု မိတ်ကပ်သုသုကပြောသည်။

**သန့်ဇင်ဝင်း**





## ဂီတပဒေသာပွဲတော် စစ်ကိုင်းတက္ကသိုလ်၌ ကျင်းပ

**စစ်ကိုင်း  ဩဂုတ်  ၁၉**

စစ်ကိုင်းတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တို့ ပူးပေါင်းတင်ဆက်သည့် ဂီတပဒေသာပွဲတော်ကို ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းတက္ကသိုလ်၌ ကျင်းပသည်။ အဆိုပါ ပွဲတော်သို့ တက္ကသိုလ်နှစ်ခုမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ စစ်ကိုင်းမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် စစ်ကိုင်းတက္ကသိုလ်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအရေးပါကြောင်း၊ ပူးပေါင်း၍ ရင်းနှီးချစ်ခင်မှု၊ အသိပညာဖလှယ်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဘွဲ့ဒီဂရီဆက်လက်သင်ယူမှု အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်းနှင့် ဂီတအနုပညာနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများကို အနှစ်ချုပ်၍ မှာကြားခဲ့သည်။

အဆိုပါဂီတပဒေသာပွဲတော်တွင် စစ်ကိုင်းတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သီချင်းများ၊ အကအလှုများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အီရန်ရေနံတင်သင်္ဘောအား ဂျီဘရော်တာတရားရုံးက ပြန်လည်လွှတ်ပေး

**တီဟီရန် ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံက အီရန်ရေနံတင်သင်္ဘောအား ဆက်လက်ဖမ်းဆီးထားရန် တောင်းဆိုမှုပြုထားသော်လည်း ဩဂုတ် ၁၉ ရက်တွင် ဂျီဘရော်တာအာဏာပိုင်များက အဆိုပါသင်္ဘောကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းရေနံတင်သင်္ဘောသည် ဩဂုတ် ၁၉ ရက်တွင် အီရန်နိုင်ငံအလံအား လွှင့်ထူကာ ဂျီဘရော်တာနိုင်ငံမှ နိုင်ငံတကာ ရေပိုင်နက်အတွင်းသို့ ဦးတည်ထွက်ခွာလာခဲ့ပြီဖြစ်သည်။

ဥရောပသမဂ္ဂက ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ချိုးဖောက်ပြီး ဆီးရီးယားနိုင်ငံသို့ ရေနံများတင်ပို့လျက်ရှိသည်ဟု စွပ်စွဲကာ အီရန်ရေနံတင်သင်္ဘောအား ဂျီဘရော်တာ အာဏာပိုင်များက ဗြိတိန်နိုင်ငံပိုင်ဒေသဖြစ်သည့် ဂျီဘရော်တာကမ်းလွန်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဂျီဘရော်တာနိုင်ငံတွင် ရက်သတ္တ ခြောက်ပတ်ခန့် ကျောက်ချရပ်နားခဲ့ရကြောင်း သိရသည်။

အီရန်ရေနံတင်သင်္ဘောအား ဖမ်းဆီးခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်အကြာတွင် အီရန်တော်လှန်ရေးတပ်ဖွဲ့က ဗြိတိန်ရေနံတင်သင်္ဘော စတီးနာအင်မ်ပီယိုအား




လက်တုံ့ပြန်သည့်အနေဖြင့် ဖမ်းဆီးခဲ့သည်။

အမေရိကန်က အီရန်ရေနံတင်သင်္ဘောကို ဆက်လက်ဖမ်းဆီးထားရန် အဆိုပြုခဲ့သော်လည်း ဩဂုတ် ၁၅ ရက်တွင် ဂျီဘရော်တာတရားရုံးက အီရန်ရေနံတင် သင်္ဘော ဂရေ့စ်ဝမ်းကို ပြန်လည်လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ အကြောင်းမှာ ဥရောပသမဂ္ဂအဖွဲ့တွင် အီရန်အပေါ် ချမှတ်ထားသည့် အမေရိကန်၏ ပိတ်ဆို့မှုများသည် အာဏာသက်ရောက်မှုမရှိခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် အမေရိကန်၏ တောင်းဆိုချက်ကို ဂျီဘရော်တာ အစိုးရက ပယ်ချခဲ့ခြင်းဖြစ်သည်။

တရားရုံးက အမိန့်ချမှတ်ခဲ့ပြီးနောက် အီရန်သင်္ဘောအားမောင်းနှင်ရန် သင်္ဘောသားအဖွဲ့တစ်ဖွဲ့ ရောက်ရှိခဲ့ကြောင်း ဂျီဘရော်တာ အာဏာပိုင်များက ဆိုသည်။

'အက်ဒရီယန်ဒါရာဝမ်း' ဟု အမည်ပြောင်းလဲမှည့်ခေါ်သည့် ဂရေ့စ်ဝမ်းအီရန်ရေနံတင်သင်္ဘောသည် ရေနံများကို ဆက်လက်သယ်ဆောင်ကာ ဂျီဘရော်တာနိုင်ငံမှ ထွက်ခွာခဲ့ပြီးနောက် နိုင်ငံတကာ ရေပိုင်နက်အတွင်းသို့ ရောက်ရှိသွားပြီဖြစ်သည်ဟု အီရန်ဆိပ်ကမ်းနှင့် ပင်လယ်ရေကြောင်းအာဏာပိုင် ဒုတိယအကြီးအကဲ ဂျလယ်အီလာမီက ဆိုသည်။

အဆိုပါသင်္ဘောသည် ဂရိနိုင်ငံ ကာလာမာတာဆိပ်ကမ်းသို့ဦးတည်ရာ ပင်လယ်ရေကြောင်းအတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပင်လယ်ရေကြောင်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

သို့သော် ဂရိနိုင်ငံတွင် ကျောက်ချရပ်နားမည်လားဆိုသည်ကိုမူ အတိအကျ မသိရှိရသေးပေ။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်- အောင်ကျော်ကျော်**



## ၂၀၂၀ သမ္မတရွေးကောက်ပွဲအတွက် မိုက်ပင့်စ်အား တွဲဖက်အဖြစ် သမ္မတထရန့် အတည်ပြု

**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်ပြည်ထောင်စုတွင် ၂၀၂၀ ပြည့်နှစ်၌ ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ဒုတိယသမ္မတ မိုက်ပင့်စ်အား တွဲဖက်အဖြစ် အတည်ပြုကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ၎င်းအနေဖြင့် သမ္မတရာထူးကို ဒုတိယအကြိမ် ပြန်လည်ရရှိမည်ဟုယုံကြည်ကြောင်း သမ္မတထရန့်က ဩဂုတ် ၁ ရက်တွင် နယူးဂျာစီပြည်နယ်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

၎င်းနှင့်အတူ အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ လက်တွဲဖော်အဖြစ် လူအတော်များများ၏ အမည်များကို အဆိုပြုခဲ့သော်လည်း ၎င်းအနေဖြင့် မစ္စတာပင့်စ်နှင့် အတူတွဲယှဉ်ပြိုင်ရခြင်းကို ကျေနပ်အားရသည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

ဒုတိယသမ္မတ မိုက်ပင့်စ်အား ဧဝံဂေလိခရစ်ယာန်ဂိုဏ်းဝင်များက အလွန်လေးစားကြကြောင်း သမ္မတထရန့်က ပြောကြားခဲ့ပြီး ရှေးရိုးစွဲ ခရစ်ယာန်ဘာသာဝင်များအကြား မိုက်ပင့်စ်ရေပန်းစားခြင်းသည် ၎င်း၏ လက်ထောက်အဖြစ် ဆက်လက်ထားရှိဖို့ အကြောင်းရင်းများထဲမှတစ်ခုဖြစ်သည်ဟု သမ္မတထရန့်က ပြောကြားသည်။ ဧဝံဂေလိခရစ်ယာန်ဂိုဏ်းဝင်များသည် သမ္မတထရန့်၏ အခြေခံကျသော အဓိကအထောက်အပံ့များဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရေးအတွက် အယောက် ၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

## ကနေရီကျွန်းစုတွင် တောမီးပြင်းထန်စွာလောင်ကျွမ်း လူ ၅၀၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရ

**မက်ဒရစ် ဩဂုတ် ၁၉**

စပိန်နိုင်ငံရှိ အားလပ်ရက်အပန်းဖြေကျွန်းဖြစ်သည့် ဂရန်ကနာရီရာကျွန်းတွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းမှုကြောင့် လူ ၅၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။ အဆိုပါတောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ရက်အတန်ကြာ လုပ်ဆောင်ရဦးမည်ဟုလည်း သတိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါတောမီးသည် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများသည့် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသဖြစ်သည့် ခရစ်ဒီတီဂျေဒါဒေသသို့ ကူးစက်ပျံ့နှံ့လောင်ကျွမ်းနေပြီး မီးလောင်မှုမြင်ကွင်းများ ကြီးမားကျယ်ပြန့်ကြောင်း ကနေရီကျွန်းစုများ၏ အုပ်ချုပ်ရေးအကြီးအကဲ အိန်ဂျယ်ဗစ်တာ တိုရီးစ်ကထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

ယင်းတောမီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရမှု သတင်းထွက်ပေါ်ခြင်းမရှိပေ။

တောမီးလောင်ကျွမ်းမှုကို မီးသတ်သမား ၆၀၀ ကျော်တို့က ငြှိမ်းသတ်လျက်ရှိသည်။ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်လေယာဉ် ၁၄ စင်းလည်း ပါဝင်မီးငြှိမ်းသတ်နေသော်လည်း လေပြင်းများတိုက်ခတ်ခြင်းနှင့် အပူချိန်မြင့်မားနေမှုကြောင့် မီးငြှိမ်းသတ်ရေး ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်ပေါ်ခဲ့ရသည်။

ဩဂုတ် ၁၉ ရက်တွင် အပူချိန်မြင့်တက်နေခြင်းကြောင့် လောင်ကျွမ်းနေသည့် တောမီးအား ထိန်းချုပ်နိုင်ရေးအတွက် ရက်အနည်းငယ် လုပ်ဆောင်ရဦးမည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားကြသည်။

ယခုတောမီးလောင်ကျွမ်းမှု မဖြစ်ပွားမီ ရက်အနည်းငယ်က အဆိုပါဒေသတွင် အခြားတောမီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ပြီး ဒေသခံလူရာပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဂရန်ကနာရီရာကျွန်းသည် ကနေရီကျွန်းစုတွင် ဒုတိယမြောက် လူနေအထူထပ်ဆုံးဖြစ်ပြီး အဆိုပါကျွန်းသည် အာဖရိကတိုက်၏ အရှေ့မြောက်ကမ်းလွန် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ တည်ရှိသည်။

၂၀၁၈ ခုနှစ်က ကနေရီကျွန်းစုများသို့ ကမ္ဘာလှည့်ခရီးသွားများဦးရေ ၁၃ ဒသမ ၇ သန်း လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားများ၏ ထက်ဝက်ခန့်မှာ ဗြိတိန်နှင့် ဂျာမနီနိုင်ငံများမှ ဖြစ်သည်။

စပိန်နိုင်ငံတွင် ကြီးမားသော တောမီးလောင်ကျွမ်းမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ ယင်းတို့ ဖြစ်ပွားရခြင်းမှာ မိုးနည်းပါးသော နွေရာသီဥတုကြောင့် ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ဇော်ဝင်း**

## ဟောင်ကောင်ဆန္ဒပြမှုကို ဖြိုခွင်းမှုက ကုန်သွယ်ရေးသဘောတူညီချက် ထိခိုက်စေမည်ဟု အမေရိကန်သမ္မတ ထရန့်ပြော

**ထရန့်တန် ဩဂုတ် ၁၉**

တရုတ်နိုင်ငံက ဟောင်ကောင်ရှိ ဆန္ဒပြသူများကိုဖြိုခွင်းရန် အကြမ်းဖက်နည်းလမ်းအသုံးပြုပါက အမေရိကန်-တရုတ် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုများကို ထိခိုက်စေမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားလိုက်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က နယူးဂျာစီပြည်နယ်၌ သတင်းထောက်များသို့ ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် ပေကျင်းမြို့တော်၌ ဖြစ်ပွားခဲ့သည့် ဒီမိုကရေစီလိုလားသော ဆန္ဒပြသမားများအပေါ် ဖြိုခွင်းမှုကိုရည်ညွှန်းကာ ဟောင်ကောင်ဆန္ဒပြပွဲကို စိုးရိမ်ပူပန်ကြောင်း ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံက အကြမ်းဖက်နှိမ်နင်းသည့် နည်းလမ်းကို ရွေးချယ်ပါက ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် ခက်ခဲလိမ့်မည်ဟု ဒေါ်နယ်ထရန့်က ဆိုသည်။

အမေရိကန်ကွန်ဂရက်က တရုတ်နိုင်ငံနှင့်ပတ်သက်သော သဘောထားကို ပိုမိုခက်ထန်လာလိမ့်မည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းမှုများပြုလုပ်သော ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေမည်ဟု ၎င်းကပြောသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆန္ဒပြသူများနှင့် ဆွေးနွေးခြင်းအားဖြင့် ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဒေါ်နယ်ထရန့်က ဆိုသည်။

ဟောင်ကောင်ရှိအခြေအနေကို ကုန်သွယ်မှုသဘောတူညီချက်တစ်ရပ်အတွက် အပြုသဘောဆောင်သော တိုးတက်မှုတစ်ရပ်ဖြစ်စေမည့် လူသားချင်းစာနာထောက်ထားသော ပုံစံတစ်ရပ်ဖြင့် ဖြေရှင်းစေလိုကြောင်း သူက ပြောသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖုန်းဖြင့် စကားပြောဆိုကာ ငြိမ်းချမ်းသော ဖြေရှင်းနည်းဖြင့် ပြဿနာကိုဖြေရှင်းရန် ထရန့်ကတိုက်တွန်းမည်ဟု မျှော်လင့်ရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# နျူကလီးယားညစ်ညမ်းရေစွန့်ပစ်မည့် စီမံချက်နှင့်ပတ်သက်၍ ရှင်းပြရန် တောင်ကိုရီးယားက ဂျပန်ကိုတိုက်တွန်း

**ဆိုးလ် ဩဂုတ် ၁၉**

၂၀၁၁ ခုနှစ် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ အရည်ပျော်ကျမှုမှ ထွက်လာသည့် နျူကလီးယားညစ်ညမ်းရေစွန့်ပစ်မည့် အစီအမံကိုရှင်းပြရန် တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံကို တနင်္လာနေ့က တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ရေးရာတာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ခွန်ဆေးယန်က တောင်ကိုရီးယားနိုင်ငံရှိ ဂျပန်သံရုံးမှ စီးပွားရေးဆိုင်ရာ သံတမန်တိုမိုဖူမီနီရှီနာဂါအား ဆင့်ခေါ်၍ ဂျပန်နိုင်ငံ၏ ရေဒီယိုသတ္တိကြွ ညစ်ညမ်းရေစွန့်ပစ်မည့် အစီအမံအပေါ် ဝေဖန်ပြောဆိုမှုများကိုရှင်းပြရန် မေတ္တာရပ်ခံသည့် သံတမန်ပေးစာတစ်စောင် ပေးအပ်ခဲ့သည်။

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ အရည်ပျော်ကျမှုမှ ထွက်လာသည့် ရေဒီယိုသတ္တိကြွပါဝင်မှု ပမာဏ မြင့်မားသည့် ညစ်ညမ်းရေ တန်တစ်သန်းကျော်ကို ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စွန့်ပစ်မည့် အစီအမံကို မကြာသေးမီကဂျပန်နိုင်ငံက အဆိုပြုခဲ့သည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်စုတစ်ခုဖြစ်သည့် ဂရင်းပိစ်အဖွဲ့က ဝေဖန်ပြောဆိုခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏ မေတ္တာရပ်ခံချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်သံတမန်သို့ ပေးအပ်သည့်စာတွင် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ညစ်ညမ်းရေစွန့်ပစ်မှုရလဒ်သည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် နိုင်ငံများ အပါအဝင် တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံ ပြည်သူများ၏ လုံခြုံရေးနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်နိုင်သည်ဟု တောင်ကိုရီးယားနိုင်ငံက အလေးအနက် လက်ခံထားကြောင်း ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ နျူကလီးယားညစ်ညမ်းရေများ စွန့်ပစ်မည့် အစီအမံနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာအုပ်စုများ၏ ပြောဆိုချက်များနှင့် သတင်းမီဒီယာများ၏ ရေးသားဖော်ပြချက်များသည် မှန်ကန်မှုရှိ၊ မရှိ တရားဝင် စစ်ဆေးအတည်ပြုပေးရန်နှင့် ဂျပန်နိုင်ငံ၏ နျူကလီးယားညစ်ညမ်းရေစွန့်ပစ်မည့် စီမံချက်ကိုရှင်းပြရန် တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံကို မေတ္တာရပ်ခံခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၏ မေတ္တာရပ်ခံချက်နှင့် ပတ်သက်၍ ဂျပန်သံတမန် နီရှီနာဂါက ၎င်းအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ သဘောထားကို ဂျပန်အစိုးရသို့ အစီရင်ခံတင်ပြမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ညစ်ညမ်းရေ စွန့်ပစ်မည့်ကိစ္စနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို တိတိကျကျနှင့် ပွင့်လင်းမြင်သာစွာဖြင့် တောင်ကိုရီးယား အစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အသိပေးသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ပါပူဝါပြည်နယ်၌ လူပေါင်းများစွာ ဆန္ဒဖော်ထုတ်၊ လွှတ်တော်အဆောက်အအုံကို မီးရှို့

**ဂျကာတာ ဩဂုတ် ၁၉**

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ် တွင် ယနေ့နံနက်ပိုင်းက လွတ်လပ်ရေးလိုလားသော ကျောင်းသားတက်ကြွလှုပ်ရှားသူများကို အကျဉ်းချထားခြင်းနှင့်ပတ်သက်၍ လူပေါင်းများစွာ ကန့်ကွက်ဆန္ဒပြခဲ့ရာ အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး ဒေသန္တရ လွှတ်တော်အဆောက်အအုံတစ်လုံး မီးရှို့ခံခဲ့ရသည်။



အနောက်ပါပူဝါပြည်နယ် မန်နိုခွာရီမြို့တော်၌ ဆန္ဒဖော်ထုတ်သူများစွာ လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြောင်း သိရသည်။ ဆန္ဒပြသူအချို့က ဈေးဆိုင်များ၊ ကားများကို မီးရှို့ပြီး လမ်းဘေးဆိုင်းဘုတ်များကို ဖြိုချကာ အစိုးရ အဆောက်အအုံများကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ "လွှတ်တော်အဆောက်အအုံကို မီးရှို့ခဲ့ပါတယ်။ အဓိကရုဏ်းတွေကြောင့် မြို့လယ်၊ ဈေးတွေ၊ ဆိပ်ကမ်းနဲ့ ဈေးဆိုင်တွေကို သက်ရောက်မှုရှိစေပါတယ်"ဟု အနောက်ပါပူဝါပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မိုဟာမက်လာကိုတာနီက Kompas TV သို့ ပြောကြားခဲ့သည်။

ဆန္ဒပြသူများက ကျောက်ခဲဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အာဏာပိုင်များက ဒေသတွင်းရှိ စာသင်ကျောင်းများကို ပိတ်ထားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အုပ်ချုပ်မှုကို ဆယ်စုနှစ်ချီ၍ ဆန့်ကျင်နေသည့် ပါပူဝါပြည်နယ်မှာ ဩစတြေးလျနိုင်ငံ မြောက်ဘက်ရှိ လွတ်လပ်သော ပါပူဝါနယူးဂီနီနိုင်ငံ (PNG) နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။ ပါပူဝါပြည်နယ်က ၁၉၆၁ ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့သော်လည်း ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည့်လွတ်လပ်ရေး လူထုဆန္ဒခံယူပွဲပြီးနောက် အင်ဒိုနီးရှားနိုင်ငံက သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော အဆိုပါပြည်နယ် ထိန်းချုပ်မှုကို ရယူခဲ့သည်။

ယနေ့ဖြစ်ပွားသည့် အဓိကရုဏ်းများမှာ ဩဂုတ် ၁၇ ရက် လွတ်လပ်ရေးနေ့ အခမ်းအနား၌ အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးမားဆုံး မြို့တော် ဆူရာဘာယာရှိ ပါပူဝါတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၃ ဦးကို အာဏာပိုင်များက ထိန်းသိမ်းခဲ့သည်ဆိုသော သတင်းများကအစပြုခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အကြမ်းဖက်အုပ်စုနှင့် ပတ်သက်မှုကြောင့် တူရကီပြည်နယ် အုပ်ချုပ်ရေးမှူး သုံးဦး ရာထူးမှ ထုတ်ပယ်ခံရ

**အန်ကာရာ ဩဂုတ် ၁၉**

တူရကီပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံ၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အတိုက်အခံပြည်သူ့ဒီမိုကရက်တစ်ပါတီမှ ပြည်နယ်အုပ်ချုပ်ရေးမှူး သုံးဦးတို့ကို အကြမ်းဖက်အုပ်စုနှင့်ပတ်သက်ခဲ့သဖြင့် ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ဝန်ကြီးဌာနက ယနေ့ပြောကြားသည်။ ထို့အပြင် ကာ့ဒ်အလုပ်သမားများပါတီ (ပီကေကေ)နှင့်ဆက်စပ်မှုရှိသည်ဟု သံသယရှိသည့် လူများကို တူရကီရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခဲ့ပြီး နိုင်ငံအတွင်းရှိ ပြည်နယ် ၂၉ ခုတွင် လူ ၄၁၈ ဦးကိုလည်း အကြမ်းဖက်အုပ်စုနှင့် ဆက်စပ်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

တူရကီအာဏာပိုင်များသည် ဒီယာဘာကီပြည်နယ် အုပ်ချုပ်ရေးမှူး အက်နန်ဆယ်လ်ကျူခ်မစ်ဇ်ရာကလီ၊ မာဒင်ပြည်နယ် အုပ်ချုပ်ရေးမှူး အာမက်တာ့ခ်နှင့် ဗန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဘီဒီယာအော်ဇကော့ခ်စ်အာတန်တို့ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ၎င်းတို့၏ ရာထူးနေရာတွင် ပြည်နယ်အစိုးရက ခန့်အပ်သော ပြည်နယ်အုပ်ချုပ်ရေးမှူးများကို အစားထိုးလဲလှယ်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြထားသည်။

တူရကီအစိုးရသည် အတိုက်အခံ ပြည်သူ့ဒီမိုကရက်တစ်ပါတီကို ပီကေကေစစ်သွေးကြွအုပ်စုနှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲလျက်ရှိသည်။ ပီကေကေစစ်သွေးကြွအုပ်စုသည် တူရကီအစိုးရ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် အဖွဲ့အစည်း ဖြစ်သည်။

တူရကီအစိုးရသည် တူရကီနိုင်ငံအတွင်းနှင့် အီရတ်နိုင်ငံမြောက်ဘက်ရှိ ပီကေကေ စစ်သွေးကြွအုပ်စုအပေါ် ထိုးစစ်ဆင်မှုကို မကြာသေးမီရက်များမှစ၍ အရှိန်မြှင့်လုပ်ဆောင်လာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အမေရိကန်နှင့် အီရန်သံအမတ်ကြီးများအား အီရတ်သမ္မတ လက်ခံတွေ့ဆုံ



**အီရတ်သမ္မတ ဘာဟမ်ဆာလီနှင့် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မက်သီးယူးတူးလာတို့ တွေ့ဆုံစဉ်။**

**ဘဂ္ဂဒက် ဩဂုတ် ၁၉**

အီရတ်သမ္မတသည် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်နှင့် အီရန်သံအမတ်ကြီးတို့အား ဩဂုတ် ၁၈ ရက်က သီးခြားစီ လက်ခံတွေ့ဆုံခဲ့ရာ ဆွေးနွေးညှိနှိုင်းခြင်းမှတစ်ဆင့် ဒေသတွင်းတင်းမာမှုများ လျှော့ချရန် လိုအပ်မှုကို အလေးအနက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရတ်သမ္မတ ဘာဟမ်ဆာလီသည် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မက်သီးယူးတူးလာနှင့် တွေ့ဆုံဆွေးနွေးစဉ် နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာ နည်းလမ်းများကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သမ္မတရုံးမှ သတင်းထုတ်ပြန်ချက်အရသိရသည်။

ထို့အပြင် အီရတ်သမ္မတနှင့် အမေရိကန်သံအမတ်ကြီးတို့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ နောက်ဆုံးတိုးတက်ပြောင်းလဲမှုများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ဒေသအတွင်း ပဋိပက္ခများကို အဆုံးသတ်ရန်အတွက် တင်းမာမှုလျှော့ချရေး၊ အပြုသဘောဆောင်သော ညှိနှိုင်းဆွေးနွေးမှု လက်ခံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို အလေးထားဆွေးနွေးခဲ့ကြသည်။

ထို့အတူ အီရတ်သမ္မတသည် အီရတ်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး အီရတ်ချ်မာ့စ်ဂျီဒီကိုလည်း လက်ခံတွေ့ဆုံခဲ့ပြီး ဆွေးနွေးစဉ် နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အလားအလာများ တိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများကို အလေးထား ဆွေးနွေးခဲ့ကြသည်။

ထို့အပြင်ဒေသတွင်း တင်းမာမှုများ လျှော့ချပြီး လုံခြုံရေးနှင့်ငြိမ်းချမ်းရေး တိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း အလေးထားဆွေးနွေးခဲ့ကြသည်။

အီရတ်သမ္မတသည် ယင်းနေ့ အစောပိုင်းက ဘဂ္ဂဒက်မြို့တွင် တည်ရှိသော အီရတ်ကာကွယ်ရေးဝန်ကြီးဌာနသို့ သွားရောက်လည်ပတ်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီး နာဂျအယ်လ်ရှမ်မာရီနှင့် အခြားသော စစ်ဘက်ဆိုင်ရာ အရာရှိကြီးများကို တွေ့ဆုံခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်း အမေရိကန် ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့၏ လက်ရှိ တင်းမာမှုများသည် အရှိန်မြင့်မားနေဆဲ ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# လှိုင်းဘွဲ့၊ မိုးမိတ်၊ တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၉**
တပ်မတော်နှင့် ထီလုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ည ၁၁ နာရီတွင် လှိုင်းဘွဲ့မြို့နယ် ဒညင်းကုန်းကျေးရွာအနီး ထီလုံ တာဘောင်လမ်းတွင် အခီး(ခ)အကျော် မောင်းနှင်ပြီး မငွေကြည် လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ မြန်မာငွေကျပ် ၈၄၅၆၀၀၊ ယာဉ်ရှေ့ခန်းအတွင်းမှ ကာဘိုင်တစ်လက်၊ ၎င်းကျည် ၂၅ တောင့်၊ ၎င်းကျည်အိမ်သုံးခု၊ လက်လုပ်ဂက်စ် သေနတ်တစ်လက်၊ သစ်သားသေနတ်ဒင်တစ်ခု၊ လက်ပစ်ဗုံးသုံးလုံး၊ ၉ မမကျည် ၁၀ တောင့်၊ ခါးပတ်ကြိုးတစ်ခု၊ ကျည်ဘောက်အိတ်လေးခုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**မိုးမိတ်**

အလားတူ ဩဂုတ် ၁၈ ရက် ည ၉ နာရီက တပ်မတော်နှင့် မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာ လမ်းဆုံတွင် တင်အောင်လင်းနှင့် မောင်စိန်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ တင်အောင်လင်း၏ ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၆၀၀ ကို သိမ်းဆည်းရမိသည်။

**တောင်ကြီး**

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာအနီး ရွှေညောင်-ရပ်စောက် ကားလမ်းတွင် အောင်နိုင်ဝင်း မောင်းနှင်ပြီး ချိုချိုမာ(ခ)ချိုမာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အခီး(ခ)အကျော်နှင့် မငွေကြည်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈၅၂ သန်း)တန်ဖိုးရှိ စားသောက်ကုန်နှင့် ကားအပိုပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





တရားမဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ မရှိသည့် စားသောက်ကုန်နှင့် ကားအပိုပစ္စည်းများကို တွေ့ရစဉ်။

# သုဝဏ္ဏဝတီမြို့၌ ရပ်ထားသောယာဉ်အား နောက်မှယာဉ်ကဝင်တိုက်

**သုဝဏ္ဏဝတီ ဩဂုတ် ၁၉**
မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် ရှင်ဥပဂုတ္တကန်ရှေ့၌ ဩဂုတ် ၁၈ ရက် ည ၈ နာရီခန့်က ဦးမျိုးကိုကို ရတနာမာန်အောင်ရပ်ကွက် မိတ္ထီလာမြို့နေသူ မောင်းနှင်သည့်ယာဉ်သည် စက်ပျက်၍ လမ်းဘေးတွင်ရပ်နားနေစဉ် လားရာတူဖြစ်သော ဘီးလင်းမြို့မှ သထုံမြို့သို့ ယာဉ်မောင်း ဇာနည်ဝမ်း ကျိုက္ကော်ရပ်ကွက် သုဝဏ္ဏဝတီမြို့နေသူ မောင်းနှင်လာသည့်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ဇာနည်ဝမ်းတွင် ယာပေါင်ကျိုးဒဏ်ရာရရှိသွား၍ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# တာချီလိတ်၌ မြန်မာနိုင်ငံသားသုံးဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦးတို့ကို တရားမဝင်ကျည်တောင့်များကိုင်ဆောင်မှုဖြင့် ဖမ်းဆီး

**တာချီလိတ် ဩဂုတ် ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်၌ တရားမဝင် ကျည်တောင့်များ ကိုင်ဆောင်သူ မြန်မာနိုင်ငံသားသုံးဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦးတို့ကို ဩဂုတ် ၁၈ ရက်က ဖမ်းဆီးရမိသည်။

ဩဂုတ် ၁၈ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဇေယျ ဦးစီးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် မိုင်းယွန်းပန့်အနီးတွင် ဟောင်လိတ်ဘက်မှတာချီလိတ်မြို့တွင်းဘက်သို့ ယာဉ်မောင်း စိုင်းနော်မိန်း ဝမ်မိုင်ရွာ ဂေါမုတ္တ ရပ်ကွက် မိုင်းဆတ်မြို့နေသူ မောင်းနှင်လာသော ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် အိုက်နွန်(ခ)အိုက်ဆင်း ဝိန်းကျောက်ရပ်ကွက် တာချီလိတ်မြို့ စိုင်းနော်မို့ ပန်ဟိုင်းရွာ ကောင်းမူ တန်အုပ်စု မိုင်းဆတ်မြို့နှင့် အိုက်ထိုင်(ခ)ကိတ် ချင်းရိုင်မြို့ ထိုင်းနိုင်ငံနေသူတို့လိုက်ပါလာပြီး ၎င်းတို့အား ဆက်လက်ရှာဖွေရာ ထိုင်ခုံနောက်တွင် ချိတ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ ပွိုင့် ၂၂ ကျည်ဟု ယူဆရသော ကျည်ငါးတောင့်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ကျည်တောင့်များနှင့်အတူ ဖမ်းဆီးရမိသူ စိုင်းနော်မိန်း၊ အိုက်နွန်(ခ)အိုက်ဆင်း၊ စိုင်းနော်မို့နှင့် အိုက်ထိုင်(ခ)ကိတ်တို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကော့မှူး၌ အရှိန်မထိန်းနိုင်သည့်ယာဉ် ဓာတ်တိုင်ဝင်တိုက်

**ကော့မှူး ဩဂုတ် ၁၉**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် တောင်ချောင်ကျေးရွာလမ်းထိပ်၌ ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်အား ဝင်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးမြင့်ဇော်သက် မငေးစုကျေးရွာ ဒိုက်ဦးမြို့နယ်နေသူ မောင်းနှင်သောယာဉ်သည် မြို့သစ်ရပ်ကွက် တောင်ချောင်ကျေးရွာလမ်းထိပ်အနီးအရောက် လမ်းယာဘက်ဘေးတွင်ရှိသော ဓာတ်တိုင်အား အရှိန်မထိန်းနိုင်ဘဲ ယာဉ်၏ယာဘက်ခြမ်းနှင့် ပွတ်တိုက်မိသဖြင့် ယာဉ်နှင့် ဓာတ်တိုင်တို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ဓာတ်အားလိုင်း ခေတ္တပြတ်တောက်ခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးမြင့်ဇော်သက်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# အင်းတော်မြို့နယ်အတွင်းမှ လိုင်စင်မဲ့ယာဉ်လေးစီး သိမ်းဆည်းရမိ

**အင်းတော် ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း မန်လည်လမ်းဆုံနေရာမှ ယနေ့နံနက်ပိုင်းတွင် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၂ နာရီခန့်က အင်းတော်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်အောင် ကြီးကြပ်ပြီး နယ်ထိန်းဒုရဲအုပ်ဇော်သူ ဦးစီးသောအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို - မြစ်ကြီးနားသွားကားလမ်း မန်လည်လမ်းဆုံနေရာတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ဇော်လွင်မိုး ဟန်မြင့်မိုရ်ကျေးရွာ ကျောက်ဆည်မြို့နယ်နေသူ မောင်းနှင်လာသောယာဉ်၊ လင်းဇော်ဦး ဒိုက်ဦးမြို့နေသူ မောင်းနှင်လာသောယာဉ်၊ အောင်ဇွန်း စကားအင်းဝကျေးရွာ တံတားဦးမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်နှင့် အောင်မြတ်သူ နှင်းဝိကျေးရွာ ဒိုက်ဦးမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်လေးစီးတို့အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သော အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် အင်းတော်မြို့မရဲစခန်းက ယာဉ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဗန်းမောက်မြို့နယ်၌ ဘိန်းဖြူနှင့် ဘိန်းမည်းများ သိမ်းဆည်းရမိ

**ဗန်းမောက် ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဗန်းမောက်-မံစီကြီးသွား ကားလမ်း ဆည်ကြီးတောင်ပေါ်တွင် ယနေ့ ညနေပိုင်းက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၆ နာရီခန့်တွင် ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲအုပ်ဆန်းလွင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ဗန်းမောက်မြို့နယ် မူး/တားအဖွဲ့နှင့်ပူးပေါင်း၍ ဗန်းမောက်-မံစီကြီးသွား ကားလမ်းပေါ်ရှိ ဆည်ကြီးတောင်ပေါ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့နယ် မံဇာကျေးရွာနေ မောင်ချို(ခ)မြင့်ချို မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်သော အင်္ကျီအတွင်းမှ ဘိန်းဖြူ ၁၀ ဂရမ်နှင့် ဘိန်းမည်း ၃၀၀ ဒသမ ၀ ဂရမ် (ကာလတန်ဖိုးငွေကျပ် ၁၉ သိန်း) ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်သူ မောင်ချို(ခ)မြင့်ချို အား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကသာခရိုင်ရဲတပ်ဖွဲ့**



ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၁၁) ရပ်ကွက် အောင်ချမ်းသာလမ်းရှိ မိုးကောင်းဒေဝကျောင်းတိုက်တွင် ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားရေးအတွက် ရန်ကင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင် ဟောပြောစဉ်။

တင်ဝင်းတင်

# မောရှမ်းဒေသမှသည် ကန္တာရဝတီ ငွေတောင်ပြည်သို့

မြင့်စိုး(နတလ)

**မဲနယ်တောင်တန်း လှမ်းကာငေးမိ**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ပန်ပက်ဒေသနှင့် ထိုဒေသ၌ မှီတင်းနေထိုင်လျက်ရှိကြသော ကယန်း (ပဒေါင်) တိုင်းရင်းသားသွေးချင်းများ၏ ယခင်နှင့်ယခု ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများကို ရေးသားတင်ပြရန် အကြောင်းဖန်လာခဲ့သည်။ ထိုသောအခါ နေပြည်တော်မှ လွိုင်ကော်သို့ထွက်ခွာရန် လမ်းကြောင်း ရွေးရပါတော့မည်။ ပင်လောင်းလမ်းခွဲမှ လိန်းလီတံတားကိုဖြတ်၍ ဖယ်ခုံ၊ မိုးဗြဲမှတစ်ဆင့် လွိုင်ကော်သို့ သွားရောက်နိုင်သည်။ ဒုတိယလမ်းတစ်သွယ်ကမူ ရမည်းသင်း- ပျော်ဘွယ်လမ်းခွဲ ဘုရားငါးဆူ-ယင်းမာပင်လမ်းဟောင်းအတိုင်းသွားကာ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်ကိုဖြတ်၍ တောင်ကြီးမှ မွေတော်ကက္ကူ- ဆိုက်ခေါင်သို့ပြန်ဝင်ပြီး ဆီဆိုင်-ထီးစဲခါး-လွိုင်လင်လေး-လွိုင်ကော်ခရီးပဲဖြစ်ပါသည်။ ကျွန်တော် ပင်လောင်းလမ်းကို မရွေးချယ်ခဲ့ပါ။ အတက်၊ အဆင်းများပြီး ကားမောင်းရတာ အလွန်ပျင်းစရာကောင်းသောကြောင့် ဖြစ်သည်။ ဒုတိယလမ်းဖြစ်သော တောင်ကြီး- မွေတော်-ကက္ကူလမ်းအတိုင်းလည်း မသွားဖြစ်ခဲ့ပါ။ ဆိုက်ခေါင်ကိုတော့ ဖြတ်မည်။ ထိုသို့ဖြတ်ပြီးသွားရန်အတွက် မူလလမ်းဟောင်းဖြစ်သော တောင်ကြီး- ဟိုပုံး- ဆိုက်ခေါင်-ဆီဆိုင်- ထီးစဲ့ခါး- လွိုင်လင်လေး- လွိုင်ကော်လမ်းအတိုင်းသာ မောင်းနှင်ရင်း ထွက်ခွာလာခဲ့ခြင်းဖြစ်၏။ အမှန်အတိုင်းပြောရပါမူ ထိုကဲ့သို့ ရှည်လျားသော လမ်းကြောင်းကိုမှ ရွေးချယ်ဖြစ်ခဲ့ခြင်းမှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက ဟိုပုံး-နမ့်ခုတ်-နောင်မွန်-ဘန်းယဉ် အစရှိသော မြို့ရွာများကို ဖြတ်သန်းမောင်းနှင်ရင်း မဲနယ်တောင်တန်းကြီးအား လှမ်း၍ငေးမောကြည့်ရှုလိုသောကြောင့်ပါတည်း။

**ပအိုဝ်းဒေသနှင့် တပ်မတော်သားဘဝအမှတ်တရများ**

၁၉၈၁ ခုနှစ်မှာ စစ်တက္ကသိုလ်ဗိုလ်သင်တန်းဆင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)က လဲချား၊ မိုင်းကိုင်၊ မိုင်းနောင်ဒေသကို စတင်ရောက်ရှိသည်။ ထိုမှ နောက်နှစ်နောက်နှစ်တွေမှာ ပအိုဝ်းဒေသများဖြစ်သော ဆီဆိုင်၊ ဟိုပုံး၊ ကျောက်တန်းဒေသများအပြင် မဲနယ်တောင်တန်းကြီးပေါ်က ပချားကလို့၊ ကျောက္ကချားကျေးရွာများဆီသို့ တက်ချီ၊ ဆင်းချီပြုခဲ့ရသည်။ ကျွန်တော်ပြောခဲ့သော ကားလမ်းပေါ်က နမ့်ခုတ်၊ နောင်မွန်၊ ဘန်းယဉ်၊ ဆိုက်ခေါင်ဒေသများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ ကားလမ်းအရှေ့ခြမ်းမှ လွယ်ပွတ်၊ ထွေပူးအစရှိသည့် ကျေးရွာများဆီသို့လည်း ဝင်ဟယ်၊ ထွက်ဟယ် ရှိခဲ့သည်။ ဆိုတော့ကာ လက်ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲမှ မြို့ရွာများသည်လည်းကောင်း၊ ဟိုးအရှေ့ယွန်းယွန်းဆီက မဲနယ်တောင်တန်းကြီးသည်လည်းကောင်း၊ ကျွန်တော် တပ်မတော်သားဘဝ စတင်ခဲ့သည့် ၁၉၈၀ ပြည့်နှစ်လွန်နှစ်များကတည်းက ရင်းနှီးကျွမ်းဝင် သံယောဇဉ်ကြီးခဲ့ရသောနေရာဒေသများဖြစ်ခဲ့ကြသည်။ ကျွန်တော်နှင့် ပအိုဝ်းဒေသ၏ ရေစက်ဆုံမှုက ဒီလောက်နှင့်ပဲ ရပ်တန့်မသွားခဲ့။ နတလဝန်ထမ်းဘဝမှာ မိမိဝန်ကြီးဌာနက ခွင့်ပြုပေးထားသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးရင်း ပြန်လည်ခြေချခွင့်ရခဲ့သည်။ ပွန်ချောင်းရေကို သောက်ခဲ့မိလေလျှော့ထင့်။



**ပအိုဝ်းဒေသထဲက ဖွံ့ဖြိုးရေးလုပ်ငန်းများ**

ဟိုပုံးမြို့မြောက်ခြမ်းမှာရော၊ ဟိုပုံး-ဆီဆိုင်ကားလမ်းဝဲ၊ ယာတစ်လျှောက်မှာရော နတလက ဆောင်ရွက်ပေးထားသည့် လမ်း/တံတားလုပ်ငန်းတွေ၊ လျှပ်စစ်မီးလင်းရေးစွမ်းအင်လုပ်ငန်းတွေ၊ ရေရရှိရေးလုပ်ငန်းတွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေ၊ ပညာ/လေ့ကျင့်ဦးစီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ပေးထားသော လူငယ်သင်တန်းကျောင်း၊ အိမ်တွင်းမှုကျောင်းတွေက လက်ညှိုးထိုးမလွဲရှိနေသည်။ ထိုအထဲတွင်မှ ကားမောင်းပြီး မြို့တစ်မြို့၊ ရွာတစ်ရွာကို ဖြတ်တိုင်း ဖြတ်တိုင်း ခေါင်းထဲမှာ ပေါ်လာတတ်သော၊ ကျွန်တော်ကိုယ်တိုင်လည်း ရောက်ဖူး၊ မြင်ဖူး၊ ဆောင်ရွက်ပေးခဲ့ဖူးသော လုပ်ငန်းများကိုသာ အမှတ်တရ ပြန်လည်ပြောပြချင်ပါသည်။ ကြည့်လေ ဟိုပုံးမြောက်ဘက်ခြမ်းဆီက ကျောက်တန်းဆိုသော ကျေးရွာလေးမှာ အဘဦးအောင်ခမ်းထီတို့ PNO အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော ၁၉၉၁ ခုနှစ်စွန်းစွန်းမှာပင် တိုက်နယ်ဆေးရုံတစ်ရုံနှင့် အထကကျောင်းအတွက် ကျောင်းဆောင်များ ခွင့်ပြုချထားပေးခဲ့သလို ပေ ၁၅၀ ဖက်နံ့တံတားတစ်စင်း၊ ကျောက်တန်းမှ ဖက်နံ့တံတားအထိ မြေလမ်း (၉/၆)မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၄၀၅ ဒသမ ၄၈ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သန်း ၄၀၀ တို့ဖြင့် ကျောက်တန်းအပါအဝင် ကျေးရွာခုနစ်ရွာ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဟိုပုံးမြို့ထဲမှာ သာသနာ့လင်္ကာရ ဘုန်းတော်ကြီးကျောင်းအတွက် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးခဲ့သည်။ ဟိုပုံးမြို့မှ ဆီဆိုင်မြို့ဘက်သို့ ဦးတည်မောင်းနှင်လိုက်သောအခါ နမ့်ခုတ်သို့ရောက်သည်။ နမ့်ခုတ်မှာလည်း နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၂၅၀ ပြည်သူလူထုထည့်ဝင်ငွေကျပ် သန်း ၃၀၀ ဖြင့် နမ့်ခုတ်စံပြကျေးရွာအပါအဝင် ကျေးရွာ ခုနစ်ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၁၉ ဒသမ ၇၂ သန်းဖြင့် ကောက်ငင်းနှင့် ကောင်တန်ကျေးရွာများ လျှပ်စစ်မီး သွယ်တန်းပေးခဲ့သည်။ နမ့်ခုတ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် စုစုပေါင်း ပိုက်လိုင်း အရှည် ၁၄ မိုင် သွယ်ယူ၍ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ ကျန်းမာရေးဌာန နှစ်ခု အပါအဝင် နမ့်ခုတ်ကျေးရွာ ရပ်ကွက် ခြောက်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ငါးရွာတို့အား သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

ဟိုပုံးမြို့နယ်ထဲမှာ၊ မဲနယ်တောင်တန်းပေါ်မှာ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုလုပ်ငန်းတွေများစွာရှိနေပါသေးသည်။ နမ့်ခုတ်စံပြကျေးရွာအလွန်က နောင်မွန်နှင့် ဘန်းယဉ်ကျေးရွာများသည်လည်း ယခင်နှစ်ပေါင်းများစွာကတည်းက ရင်းနှီးကျွမ်းဝင်ပြီးသားမြို့ရွာများဖြစ်ပါသည်။ ထိုမှတစ်ဆင့် ရောက်ရှိသွားသော ဆိုက်ခေါင်ကျေးရွာလေးကတော့ မြို့ဖြစ်ရန် အရှိန်ယူနေသော စံပြကျေးရွာတစ်ရွာအဖြစ် ကျွန်တော်မြင်မိပါသည်။ လမ်းပန်းဆက်သွယ်ရေး အလွန်ကောင်းသည်။ ဆိုက်ခေါင်ကို ဗဟိုပြုလျက် တောင်ဘက်တွင် ဆီဆိုင်၊ လွိုင်ကော်သို့လည်းကောင်း၊ မြောက်ဘက်တွင် ဘန်းယဉ်၊ ဟိုပုံး၊ တောင်ကြီးသို့လည်းကောင်း၊ အရှေ့ဘက်တွင် မဲနယ်တောင်တန်းပေါ်ရှိ ကျေးရွာများသို့လည်းကောင်း ခရီးပေါက်နေပြီဖြစ်သည်။ ၂၄ နာရီ မီးလင်းသော ဓာတ်အားလိုင်းနှင့် ဆက်သွယ်ရေးလိုင်းများအပြင် နတလက ပင်မဆောင်ကို တာဝန်ယူဆောက်လုပ်ပေးခဲ့သော တိုက်နယ်ဆေးရုံ တစ်ရုံလည်း ရှိနေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်သည်။

**ဆီဆိုင်မြို့ကိုဖြတ်ခဲ့သည်**

ဆီဆိုင်မြို့ကို ဖြတ်သည့်အခါတိုင်း ကျွန်တော်အမြဲတစေ ငေးမောကြည့်ရှုမိသည်က ဆောက်လုပ်ရေးဝင်းအတွင်းမှ နှစ်ထပ်သစ်သားအိမ်ဟောင်းကြီးတစ်လုံးဖြစ်သည်။ ၁၉၈၂ ခုနှစ်က ရှေ့တန်းအမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးဖုန်းမြင့် (ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြင့်-ငြိမ်း) နေထိုင်ခဲ့သော ရုံးအဆောက်အဦဖြစ်သည်။ ကျွန်တော်တို့က သူ၏ ကွန်မန်ဒိုတပ်ခွဲအဖြစ် မြို့အထက်နားဆီက ဘုရားကုန်းမှာ အခြေပြုခဲ့သည်။ ဒါကတော့ လွန်ခဲ့သည့်နှစ်ပေါင်း ၃၇ နှစ်လောက်က အမှတ်တရများ၊ ဆီဆိုင်နှင့်ပတ်သက်၍ အမှတ်တရများစွာရှိနေပါသေးသည်။ ဆီဆိုင်အနောက်ဘက် လုံပနားရွာအနီး တိုက်ပွဲတွင် မိမိတို့တပ်ရင်း၊ တပ်ခွဲ (၄) မှ တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးချစ်သွင်နှင့် စစ်သည်တစ်ဦး ကျဆုံးခဲ့ပြီး ရန်သူ ဗကပ ၁၀ ယောက်ကျ၊ တစ်ဦးဖမ်းမိ၊ ဒဏ်ရာရ ၁၃ ဦး လက်နက်မျိုးစုံ ခြောက်လက်နှင့် ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သည်။ တပ်ရင်းမှူး၏ တာဝန်ပေးချက်အရ ဗိုလ်ကြီးချစ်သွင်အား "သူရ"ဘွဲ့ တင်ပေးသည့် စာတမ်းကို ဘန်းယဉ်သို့ရောက်ရှိစဉ် ကျွန်တော်ကိုယ်တိုင်ရေးသားခဲ့ရသည်။ သူ့ရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ဆီဆိုင်မြို့မှ ထွက်ခွာပြီး မကြာမီ နောင်ထော်ကျေးရွာလမ်းခွဲသို့ ရောက်ရှိလာရာ နောင်ထော်ဆိုသည်မှာလည်း ရလလဖ အဖွဲ့ ဦးတာကလယ်တို့ ၁၉၉၄ ခုနှစ်၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးနောက် ဌာနချုပ်အဖြစ်ထားရှိခဲ့သော နေရာတစ်ခု။ ယင်းကာလမတိုင်ခင်ကတော့ မဲနယ်တောင်တန်းကြီးပေါ်မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်စစ်ကြောင်းများအတွက် ရိက္ခာပို့ပေးရာတွင် ဆုံရပ်သတ်မှတ်ထားသည့် တစ်ဝက်ပို့/ကြို နေရာဖြစ်သည်။ နောင်ထော်လမ်းခွဲအလွန်က နောင်ရင်းဒုံကျေးရွာလေးကို ဖြတ်တော့လည်း ထိုရွာလေးအနီးမှာ တိုက်ပွဲကျဆုံးခဲ့သည့် စစ်သည်နုထွန်းနှင့် မဲမောင်တို့ကို သတိရမိသည်။

**ထီးစဲခါး၊ တောင်ကွဲစေတီနှင့် ကြပ်ဂူ**

ဆီဆိုင်နယ်ကိုလွန်ပြီး ရှမ်း/ကယားနယ်စပ်သို့ ရောက်သည်။ နှုတ်ဆက်နေသော ရှမ်းပြည်နယ်ဆိုင်းဘုတ်နှင့် ကြိုဆိုနေသော ကယားပြည်နယ်ဆိုင်းဘုတ်တို့က ခံ့ညားထည်ဝါစွာ ကြိုဆိုနေကြသည်။ ထီးစဲခါးတွင် ရေတံခွန်အလှကို ခေတ္တဝင်ရောက်ကြည့်ရှုရင်းနားခဲ့သေး၏။ ထိုမှ လွိုင်လင်ကိုဖြတ်ပြီး လွိုင်ကော်သို့ဝင်ရောက်ခဲ့ပါသည်။ လွိုင်ကော်မှာ မဖြစ်မနေ သွားရောက်ဖူးမြော်ဖြစ်ခဲ့သော ဘုရားတစ်ဆူရှိနေသည်။ သီရိမင်္ဂလာတောင်တော်ပေါ်မှ တောင်ကွဲစေတီပဲ ဖြစ်ပါသည်။ ထိုမှ ရှားတောမြို့သို့ သွားရာလမ်းအတိုင်း မိနစ် ၃၀ ခန့်သွားလိုက်လျှင် ကြပ်ဂူသို့ရောက်မည်ဖြစ်သည်။ ရောက်တုန်းရောက်ခိုက် ဂူထဲသို့ ပေ ၈၀၀ လောက်အထိ ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ လျှပ်စစ်မီးသွယ်တန်းပြီးပါက ပို၍ရှင်းရှင်းလင်းလင်း လေ့လာနိုင်မည်ဖြစ်ပါသည်။

**ပန်ပက်ကျေးရွာ ပို၍ဖွံ့ဖြိုးစေဖို့**

ကျွန်တော် လွိုင်ကော်ဒေသသို့ သွားရောက်ရသည့် အဓိကအကြောင်းရင်းမှာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စုအတွင်း နေထိုင်လျက်ရှိကြသော ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နေမှုများကို လေ့လာရေးသားတင်ပြရန် ဖြစ်ပါသည်။ တစ်ဖက်နိုင်ငံမှ မိမိဇာတိရပ်ရွာများသို့ ပြန်လည်ဝင်ရောက်လာကြသော ကယန်း (ပဒေါင်) တိုင်းရင်းသားများအတွက် နိုင်ငံတော်က လမ်းများဖောက်လုပ်ကာ ကတ္တရာခင်းပေးခဲ့သည်။ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးသွယ်တန်းပေးရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ပန်ပက်ကျေးရွာအုပ်စုအတွင်း ကယန်းရွာလေးများတွင် နေထိုင်သူလူဦးရေ ယခင်ကထက်ပိုမိုများပြားလာခဲ့သည်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပစ္စည်းအရောင်းဆိုင်များ တိုးလာသည်။ ထိုထက်ပို၍ ခရီးသွားလုပ်ငန်းအတွက် အခြေခံကောင်းများ ရရှိစေရန် ဈေးဆိုင်တန်းများအနီးတွင် ကယန်းရိုးရာအိမ်လေးများ လေးလုံးခန့် ဆောက်လုပ်ပေးပြီး တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ ကယန်းရိုးရာ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံခြင်းများ ပြုလုပ်ပေးနိုင်လျှင် ပို၍ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ဒေသခံများက အကြံပြုကြသည်။ သွားလမ်းသာ၍ လာလမ်းသင့်သော၊ ၂၄ နာရီ လျှပ်စစ်မီးရရှိနေသော ပန်ပက်ဒေသသို့ ကျွန်တော် နောက်တစ်ကြိမ် ပြန်လည်ရောက်ရှိဦးမည်ဆိုပါလျှင် ယခုထက်ပို၍စည်ပင်ဖွံ့ဖြိုးနေပေလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။



# ဒဂုံတက္ကသိုလ် လူငယ်ပွဲတော်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒဂုံတက္ကသိုလ် လူငယ်ပွဲတော်ကို ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်ရှိ အားကစားခန်းမ၌ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းကကျင်းပသည်။

ဒဂုံတက္ကသိုလ် သင်တန်းရေးရာဌာနမှူး ဦးဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မျက်လှည့်နေထူးက အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့်အတူ တွဲဖက်၍ မျက်လှည့်ပြကွက်ဆန်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထို့နောက် Ted Talk Show အစီအစဉ်ကို ဆက်လက်ကျင်းပရာ Iynet IT Solution ၏ စီအီးအို ဦးမင်းမြတ်စိုးမိုးက လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့် စတင်ဟောပြောခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အသီးသီး ဆက်လက်ဟောပြောခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဒဂုံတက္ကသိုလ် လူငယ်ပွဲတော်တွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန်အတွက် ဟောပြောဆွေးနွေးမှုများ၊ Pannel Discussion၊ Debate များ ပြုလုပ်ခဲ့သလို မျက်လှည့်ဖျော်ဖြေမှုအပြင် အခြားသော ဖျော်ဖြေရေးအစီအစဉ်များလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုထက်**



# မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် နိုင်ငံတကာလူငယ်များနေ့ ကျင်းပ

**မုံရွာ ဩဂုတ် ၁၉**

နိုင်ငံတကာ လူငယ်များနေ့အခမ်းအနား ၂၀၁၉ ကို စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ဩဂုတ် ၁၉ ရက်က မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားကာ မုံရွာတက္ကသိုလ် ရှမ်းတိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုကော်မတီက ရိုးရာအကအလှများဖြင့်ဖျော်ဖြေသည်။

ဆက်လက်၍ နိုင်ငံတကာ လူငယ်များနေ့အကြောင်းကို စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးဝေမိုးနိုင်က မိတ်ဆက်ရှင်းလင်းပြီး မုံရွာတက္ကသိုလ် ချင်းတိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုကော်မတီက ချင်းရိုးရာအကဖြင့် ဧည့်ခံဖျော်ဖြေသည်။

ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက 'Education 4.0/ University 4.0a' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်က Change:Transform To Reform ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မသန်စွမ်းထူးချွန်လူငယ် မစုပုံချစ်က Su Pon Chit &Inclusive Education' ခေါင်းစဉ်ဖြင့်လည်းကောင်း ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းမှ ဒေါက်တာမျိုးထက်က 'The Power Of Imagination' ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**



## ရေလိုအပ်မှုနည်းသည့် ပျိုးထောင်နည်းများဖြင့်စိုက်ပျိုး

**ဂန့်ဂေါ ဩဂုတ် ၁၉**

ဂန့်ဂေါမြို့နယ်၌ မိုးရွာသွန်းမှုနောက်ကျပြီး မိုးနည်းနေသဖြင့် ရွှေဘို၊ တောင်ခင်ရန်း၊ နှမ်းခါး၊ ဝက်ချီပါကျေးရွာတို့တွင် ရေလိုအပ်မှုနည်းသည့် ပျိုးထောင်နည်းများဖြင့် မိုးစပါးများ စိုက်ပျိုးနေကြပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စနစ်သစ်ပျိုးထောင်နည်းများဖြစ်တဲ့ SRI စနစ်၊ သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်၊ ဒတ်ပေါ့ပေါင်ပျိုးစနစ်၊ စကာပိုက်အသုံးပြုသည့် ပေါင်ပျိုးစနစ်များနဲ့ ပျိုးထောင်ကြပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနဲ့တွေ့ဆုံပြီး နည်းပညာပေး ဆွေးနွေးခဲ့ပါတယ်။ ပျိုးထောင်တဲ့အခါမှာလည်း ကူညီပျိုးထောင်ပေးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိန်ကျော်**

## ပလတ်စတစ်အိတ်အသုံးပြုမှုလျှော့ချရေး ပညာပေး

**မကွေး ဩဂုတ် ၁၉**

မကွေးမြို့ပေါ်ရှိ ဈေးကြီးသုံးဈေးတွင် ဌာနပေါင်းစုံပူးပေါင်းပါဝင်ပြီး ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း တနင်္ဂနွေနေ့ဈေးများတွင် ပလတ်စတစ်အိတ်မသုံးရဟု သတ်မှတ်ထားရှိပြီး ပလတ်စတစ်အိတ်အသုံးပြုခြင်း၏ ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောခြင်း၊ ပလတ်စတစ်အိတ်ဖြင့် ဝယ်ယူလာသောပစ္စည်းများအား အစားထိုးလဲလှယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဈေးရောင်း၊ ဈေးဝယ်သူများအား ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေးနှင့် အစားထိုးအသုံးပြုရေးလမ်းညွှန်ချက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို (Sunday Stop)လှုပ်ရှားမှုအဖြစ် ခြောက်ကြိမ်မြောက် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကြည့်သောသူသည်မြင်၏




စာရေးသူ မြင့်သူရ စီစဉ်ရေးသားသည့် ကြည့်သောသူသည်မြင်၏ စာအုပ်ထွက်ရှိလာသည်။

စာနယ်ဇင်းလောကတွင် အချို့က စာနယ်ဇင်းသမားသည် ကြားနေရမည်၊ မည်သည့်ဘက်မှ လိုက်စရာမလိုဟူသော မှားယွင်းသည့် အယူအဆကို ကိုင်စွဲတတ်သည်လည်းရှိသည်။ အမှန်တကယ်အားဖြင့် စာနယ်ဇင်းသမား၊ စာရေးဆရာသည် အမှားနှင့်အမှန် အစွန်းနှစ်ဖက်တွင် အမှန်ဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ရမည်ဖြစ်သည်။ ဆရာကြီးလူထုဦးစိန်ဝင်းက သတင်းစာဆရာတစ်ယောက်ရဲ့တာဝန်ဟာ သတင်းတွေကို ရှာဖွေဖော်ထုတ်ပေးရုံသာမက အကြောင်းကိစ္စတစ်ခုရဲ့ ကောင်းကျိုးဆိုးပြစ်တွေကို ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်သုံးသပ်ပေးရတာလည်းပါကြောင်း ရေးသားထားသည်။

**စာအုပ်ကို မျိုးဆက်သစ်စာပေ၊ ၃၄(၄လွှာ-ယာ)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉ ၄၂၀၂၂၂၉၆၂ နှင့် ၀၉ ၄၂၀၀၈၃၆၈၈ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာနိုင်ငံ၏ ဘတ်ဂျက်ပြဿနာ အတွေးအမြင်အဖြာဖြာ





စာရေးသူ ဦးအောင်ကြည်ဝင်း BA(Eco) (SAS) AG ရုံး(စာရင်းစစ်အရာရှိ-ငြိမ်း) စီစဉ်ရေးသားသည့် မြန်မာနိုင်ငံ၏ ဘတ်ဂျက်ပြဿနာ အတွေးအမြင်အဖြာဖြာ စာအုပ်ထွက်ရှိလာသည်။

Auditor ရုံးဆိုတာကို စာရင်းစစ်ပဲစစ်ရမယ်ဆိုတဲ့ သဘောမျိုး ဖြစ်နေသဖြင့် နောင်ကို(စစ်ဆေးရေးဝန်ထမ်း)ပဲ ဖြစ်သင့်တယ်၊ စာရင်းစစ်ရုံးအဆင့်ဆင့်၏ အစီရင်ခံစာကို ဝန်ထမ်းအရေးယူသည့်အခါ စွဲချက်တင်ရန်အထောက်အထားတစ်ရပ်အဖြစ်မှတ်ယူရမည်၊ စာရင်းစစ်လက်စွဲဥပဒေ အပိုဒ်(၄၃)မှ(၄၉) တွင် ခွင့်ပြုရန်ပုံငွေလက်ကျန်ကို နောင်နှစ်တွင် သုံးစွဲခြင်းမပြုရ၊ ခွင့်ပြုကိစ္စအတွက် မသုံးဖြစ်သောစရိတ်များကို လျာထားရန်ပုံငွေမှထုတ်ယူသုံးစွဲခြင်းမပြုရ၊ လျာထားခွင့်ပြုငွေ (Allotment)နှင့် ပြန်လည်ခွဲဝေသုံးစွဲရန်ခွင့်ပြုငွေများကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သုံးစွဲနိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို အောင်ဇမ္ဗူစာပေ၊ အမှတ်-၈၊ ၅-လွှာ(အေ)၊ မိုးမခလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၀၄၂၃၅၇ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မြတ်ဗုဒ္ဓဒေသနာ ခြေရာဖွေရှာ မဇ္ဈိမမှာ




မောင်ကောင်းမြင့်စီစဉ်သည့် မြတ်ဗုဒ္ဓ ဒေသနာ ခြေရာဖွေရှာ မဇ္ဈိမမှာ စာအုပ်ထွက်ရှိလာသည်။

သစ္စာလေးပါးကို ပိုင်းခြားသိမြင်ထင်ရှားစွာ ဟောတော်မူသော မြတ်စွာဘုရားရှင်၏ ဒေသနာနှင့်ခြေရာများ လေ့လာဖွေရှာမိခြင်း တို့ကို ပြန်လည်မျှဝေထားပါသည်။

ဤစာအုပ်တွင် စာဖတ်ရှုသူများအား ကောင်းမြတ်သောစိတ်စေတနာ သဒ္ဓါတရားပွားများကာ ဗုဒ္ဓ၏ဒေသနာတော်များကို လေ့လာ၍ ကိုယ်တိုင်အားထုတ်နိုင်သောသူများဖြစ်စေရန် ရည်သန်၍ ရေးသားပြုစုထားပါသည်။

**စာအုပ်ကို ခင်မြတ်သူစာပေ ဖုန်း ၀၉-၉၆၄၀၈၂၁၆၄ ၊ ၀၉-၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မိမိကိုယ်ကိုပျိုးထောင်နည်း




မိမိကိုယ်ကို အရည်အချင်းပြည့်ဝသည့် လူတစ်ယောက်ဖြစ်စေရန် စာရေးသူ နေလင်းဝင်း စီစဉ်ရေးသားသည့် မိမိကိုယ်ကိုပျိုးထောင်နည်း စာအုပ်ထွက်ရှိလာသည်။

အတွေးအခေါ်မည်မျှပင်ကောင်းကောင်း ပြီးတော့ ထိုအတွေးအခေါ်များကို တွန်းအားပေးနေသည့် ခံစားမှု၊ ခံစားချက်များ မည်မျှပင် ပြင်းထန်ပြင်းထန် ထိုအတွေးအခေါ်ကို သရုပ်ဖော်နိုင်ရန် နည်းစနစ်ပိုင်း ဟန်မကျလျှင် မည်သို့ပင်ပီပြင်မည်မဟုတ်ပေ။ မိမိ၏အတွေးအခေါ် ပီပြင်လိုပါက ကိုယ်ကိုယ်တိုင်စနစ်ကျဖို့လိုသည်။ မိမိ၏ရုပ်ပိုင်း၊ စိတ်ပိုင်း၊ သာမှုနာမှု တို့ကို မျှတအောင်ထိန်းရမည်ဖြစ်သည်။ လုပ်ငန်း အောင်မြင်သူ တွေကို လေ့လာကြည့်သည့်အခါ များများလေ့လာလေ အောင်မြင်သူ၏အရည်အသွေးပေါ်မှာတည်လေလေဆိုသည်ကို တွေ့ရမည်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၈။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို စစ်ဆေးရန်အတွက် မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) ကို သဘောတူစာချုပ်ချုပ်ဆို၍ စည်းကမ်းချက်များသတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဦးစီးဌာနက ပေးချေရမည့် ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။ ယင်းအဖွဲ့၏ သက်တမ်းကာလတို့ကိုလည်း သတ်မှတ်ရမည်။

**အခန်း(၄)**

**ဦးစီးဌာန၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**

၉။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ခ) မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ဂ) ပြည်တွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ပြည်ပသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်တွင်းမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာသဘောတူညီချက်များအရ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ကို အသိအမှတ်ပြု မောင်းနှင်ခွင့်ပြုခြင်း။

(င) မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ဆောင်ရွက်ခြင်း။

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း။

(ဆ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) အနေဖြင့် မော်တော်ယာဉ် စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ပေးချေရမည့် ဝန်ဆောင်ခကို ပေးချေခြင်း။

(ဇ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သက်တမ်းတိုးခြင်း၊ မောင်းနှင်ခွင့်နှင့် သုံးစွဲခွင့်ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ဈ) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ည) မော်တော်ယာဉ်မောင်း သင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း။

(ဋ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း။

(ဍ) အများပြည်သူဆိုင်ရာ လမ်းများတွင် ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) များ ဆောင်ရွက်ခြင်း။

(ဎ) အများပြည်သူဆိုင်ရာ နေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲ ကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲ ကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့် ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ခြင်း။

(ဏ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း။

(တ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ထ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဒ) အများပြည်သူသုံး လမ်းပေါ်တွင်သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်းသတ်မှတ်ခြင်း။

(ဓ) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလ သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ပေးခြင်း။

(န) မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ရသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးခြင်းနှင့် အလားတူ မတော်တဆမှုများ ဖြစ်ပေါ်ခြင်း မရှိစေနိုင်ရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အကြံပြုခြင်း။

**အခန်း(၅)**

**မော်တော်ယာဉ်မှတ်ပုံတင်ခြင်း**

၁၀။ ဦးစီးဌာနသည် -

(က) ဦးစီးဌာနရှိ အရာရှိများအနက် သင့်လျော်သောအရာရှိများကို ဦးစီးဌာန မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရှိအရာရှိများအနက် သင့်လျော်သောအရာရှိများကို ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၁။ ဦးစီးဌာနသည် -

(က) မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်းမပြုမီ စည်းကမ်းချက်များသတ်မှတ်၍ ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရန် ဦးစီးဌာနမှတ်ပုံတင်အရာရှိများကို တာဝန်ပေးအပ်ရမည်။ သို့ရာတွင် လိုအပ်ပါက သင့်လျော်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများကိုလည်း တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ခေတ္တဝင်ရောက်ခြင်းနှင့် ခေတ္တဖြတ်သန်းသွားလာခြင်းအတွက် ယာယီမှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဂ) စည်းကမ်းချက်များ သတ်မှတ်၍ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

၁၂။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

၁၃။ မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင် ထားရှိရမည်။

(ခ) အောက်ပါ အခြေအနေတစ်ရပ်ရပ်နှင့် ငြိစွန်းသော မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့် မရှိစေရ -

(၁) စက်ချွတ်ယွင်းပျက်စီးနေခြင်း။

(၂) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း။

(၃) နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း။

(၄) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးကြောင်း ဖော်ပြရန် ပျက်ကွက်ခြင်း။

၁၄။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ပေးရန် လည်းကောင်း၊ ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးရန်လည်းကောင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မော်တော်ယာဉ်ကို ကာလအပိုင်းအခြား သတ်မှတ်၍ ယာယီမှတ်ပုံတင်ပေးပြီး ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးနိုင်သည်။

၁၅။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၆။ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများသည် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ရန် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုရန် သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနသို့ တင်ပြရမည် -

(၁) အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချွတ်ယွင်းချက်တစ်ခုခုကို မော်တော်ယာဉ်တွင် စစ်ဆေးတွေ့ရှိခြင်း။

(၂) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း။

(၃) အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေး ထပ်မံစိစစ်ရန် ကိစ္စရပ်များစစ်ဆေးတွေ့ရှိခြင်း။

၁၇။ ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၆ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၆ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၁၈။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၉။ မော်တော်ယာဉ်ပိုင်ရှင်သည် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၀။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူအပါအဝင် တစ်နည်းနည်းဖြင့် မော်တော်ယာဉ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူသည်လည်းကောင်း၊ ထိုသူတစ်ဦးဦးမှာ အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူသည်လည်းကောင်း သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၁။ မော်တော်ယာဉ် မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

## စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် သြဂုတ် ၁၉**
ဒေါက်တာနီလာသိန်း (လင်းရောင်သစ်) ရေးသားပြုစုသော အလင်းစကားဖွဲ့သီ. . .မျက်ဝန်းဆီမှ စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို သြဂုတ် ၁၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Center ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မနုဿကျော်ဝင်းနှင့် စာရေးဆရာမ ဂျူးတို့က မုဒိတာစကားများပြောကြားပြီး စာရေးသူ ဒေါက်တာနီလာသိန်းက စာအုပ်မိတ်ဆက်ခြင်းနှင့် ကျေးဇူးတင်စကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဂီတမှူး တယောဦးတင်ငွေအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ စာရေးဆရာ၊ ကာတွန်းဆရာ၊ အဆိုတော်များ၊ အနုပညာ ချစ်မြတ်နိုးသူများက တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ "အလင်းစကားဖွဲ့သီ..." စာအုပ်တွင် မျက်စိရောဂါ ပညာပေးဆောင်းပါးများကို သုတနှင့်ရသ အပြင် ဓမ္မပါနွယ်၍ ရေးသားတင်ပြထားသော ဆောင်းပါးပေါင်း ၂၂ ပုဒ်ပါဝင်သည်။

ဆရာစောမင်းဝေ၏ ပန်းချီလက်ရာများနှင့်အတူ မျက်လုံးအကြည့်တွေရဲ့အကြောင်း၊ သစ္စာဖြင့်ဆေးကုသည်၊ အနုပညာစိတ်ထား... သမားတို့နှလုံးသား၊ အနာမရှိတဲ့လက်အဆိပ်မတက်သလို၊ ဟန်းဖုန်းလေးတွေ ကိုင်တဲ့အခါ၊ မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်နေတယ်၊ ပွင့်သောပန်းတိုင်းလန်းပါစေ၊ ငို၍ ရယ်၍ မထွက်သောမျက်ရည်၊ မျက်စဉ်းတစ်စက်ရယ်ကြောင့်၊ ခရမ်းလွန်ရောင်ခြည်အောက်မှ စိန်ခေါ်မှုများ၊ ဝေးဝေးနေပါ အိုဇရာ၊ နုပျိုသည်မှ အိုမင်းရင့်ရော်တဲ့အထိ အလင်းကမ္ဘာသစ်က ကြိုနေမယ် စသည့်ဆောင်းပါးများကို ကာတွန်းပုံလေးများဖြင့် စိတ်ဝင်စားဖွယ် တင်ပြထားသည်။

အဆိုပါ စာအုပ်ကို ဆုပြည့်စုံထွန်းစာပေမှ ထုတ်ဝေပြီး လင်းရောင်သစ်စာပေ ဖုန်း ၀၉-၄၂၅၅၀၀၅၀ နှင့် ဆုပြည့်စုံထွန်းစာပေ ဖုန်း ၀၁-၃၈၃၆၆၄ တို့မှ ဖြန့်ချိမည်ဖြစ်ကြောင်းနှင့် City mart ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး တန်ဖိုးမှာ ငွေကျပ် ၃၅၀၀ ဖြစ်သည်။

**သတင်းစဉ်**






## ကရင်ပြည်နယ်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ဘားအံ သြဂုတ် ၁၉**
ကရင်ပြည်နယ်အတွင်း သြဂုတ်လဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများစီးဆင်းခြင်းနှင့် မြစ်ရေချောင်းရေများ မြင့်တက်လာခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ သြဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရွှေညဝါဆရာတော် အရှင်ပညာသီဟက ရှင်းလင်းမိန့်ကြားပြီး ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ ရွှေညဝါ လောကပါလဖောင်ဒေးရှင်းက အိမ်ထောင်စု ၃၀၀ အတွက် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများအပါအဝင် ငွေကျပ်သိန်း ၁၀၀၊ မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေးအသင်းက ငွေကျပ် ၁၀ သိန်း၊ Pledge to Myanmar (USA) က ငွေကျပ်သုံးသိန်း၊ မိခင်ကြီးဒေါ်တင်တင်အေးအား အမှူးထား၍ ဘားအံမြို့အမှတ် (၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးဝင်းနိုင်-ဒေါ်မူမူလတ် မိသားစုက ငွေကျပ်သိန်း ၂၀၊ လိပ်သိမြို့လူမှုကယ်ဆယ်ရေးအဖွဲ့က ငွေကျပ် ၂၉၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား လုပ်ငန်းခွင်သုံး မော်တော်ဆိုင်ကယ်များပေးအပ်

**ရန်ကုန် သြဂုတ် ၁၉**
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးရှိ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား လုပ်ငန်းခွင်သုံး မော်တော်ဆိုင်ကယ်များ ပေးအပ်ပွဲကို သြဂုတ် ၁၉ ရက် နံနက် ၇ နာရီခွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းဦးထံ ဆိုင်ကယ် ၆၅ စီးနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မော်တော်ဆိုင်ကယ်များအား ကြည့်ရှုစစ်ဆေးပြီး သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ မော်တော်ဆိုင်ကယ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီး ယာဉ်ထိန်း တပ်ဖွဲ့ဝင်များထံသို့ ယာဉ်လမ်းရှင်းလင်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် ရှေ့ပြေးမော်တော်ဆိုင်ကယ် ၁၅ စီးနှင့် လုပ်ငန်းသုံးမော်တော်ဆိုင်ကယ်အစီး ၅၀ စုစုပေါင်း ၆၅ စီးကို ဒုတိယအကြိမ်ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

**ဆန်းကျော်ဦး ( ပြန် / ဆက်)**

## မသန်စွမ်းမှုဆိုင်ရာဆွေးနွေးပွဲနှင့် ပညာပေးသင်တန်းဖွင့်

**လွိုင်ကော် သြဂုတ် ၁၉**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) တို့ ပူးပေါင်းကျင်းပသော မသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၁၉ ရက် နံနက် ၈ နာရီက ကယားပြည်နယ်ရှိ ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ Program Manager ဒေါ်သင်းသင်းထက်က ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခြင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ 'ဒို့လည်းပန်းတိုင်ရှိတယ်' ဗီဒီယို အားပြသခြင်း၊ မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်ကောက်ယူခြင်းနှင့် သတင်းအချက်အလက်များ ကွင်းဆင်းလေ့လာ၍ ပြန်လည်မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သြဂုတ် ၁၉ ရက်မှ ၂၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ရေဘေးသင့်ပြည်သူများထံ အလှူငွေနှင့် အဝတ်အထည်များ သွားရောက်လှူဒါန်း

**ပွင့်ဖြူ သြဂုတ် ၁၉**
မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးကျရောက်နေသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ရေဘေးသင့် ပြည်သူများ အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေးအတွက် စေတနာရှင်ပြည်သူများမှ ထည့်ဝင်လှူဒါန်းသည့် အလှူငွေများနှင့် အဝတ်အထည်များကို ထောက်ပံ့လှူဒါန်းရန်အတွက် သြဂုတ် ၁၉ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့နယ် သဘာဝဘေးကူညီရေးအဖွဲ့ ဦးဆောင်ဆရာတော်နှင့် အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝမ်းတို့ ဦးဆောင်၍ မော်တော်ယာဉ်နှစ်စီးဖြင့် သွားရောက်လှူဒါန်းသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့လှူဒါန်းပေးနိုင်ရေးအတွက် စေတနာရှင်ပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ခရီးသွားပြည်သူများထံမှ စုစုပေါင်း အလှူငွေကျပ် ၂၂၃ သိန်း၊ ဆန်အိတ် ၁၅ အိတ်နှင့် သကၤန်း၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်မျိုးစုံပါနံအိတ် ၁၀ လုံးတို့ကောက်ခံရရှိခဲ့ပြီး အဆိုပါ အလှူငွေနှင့် ပစ္စည်းများအား ယင်းနေ့တွင် သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေး

**တပ်ကုန်း သြဂုတ် ၁၉**
နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်းရေးအဖွဲ့သည် သြဂုတ် ၁၈ ရက်က တပ်ကုန်းမြို့ မော်တော်ယာဉ်ရုံး၌ မြို့နယ်အတွင်းရှိ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ပိုင်ရှင်များ အဆင်ပြေစေရန်အတွက် မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း၊ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ သက်တမ်းတိုးပေးခြင်းလုပ်ငန်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**



# ရေစီးနှင့်မျောပါပျက်စီးသွားသည့် ကြေးနီချောင်းတံတား RC ဒေါက်တိုင်ပြင်ဆင်



**အောင်လံ ဩဂုတ် ၁၉**

အောင်လံမြို့နယ် မိုးကောင်းကျေးရွာအနီး ရန်ကုန်-ပြည်-မကွေးဆက်သွယ်ရာ ပြည်လမ်းမပေါ်ရှိ ကြေးနီချောင်းတံတားမှ ချောင်းရေတိုက်စားမှုကြောင့် ရေစီးနှင့်မျောပါသွားသော တံတားအလယ်ခန်းဖွင့်ရှိ RC ဒေါက်တိုင်အား ယခုအခါတွင် တံတားအထူးအဖွဲ့တည်ဆောက်ရေး (၃) က ပြင်ဆင်လျက်ရှိရာ သက်ဆိုင်ရာဌာနများမှလည်း သတ်မှတ်ထားသော တန် ၂၀ အောက်ယာဉ်များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်းနှင့် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှု မရှိစေရေးအတွက် ၂၄ နာရီအချိန်ပြည့်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**သိန်းလွင်(အောင်လံ)**

## တောင်သူပိုင်နှင့် နေအိမ်သုံးရေလျှံတွင်းများ ရေစနစ်တကျအသုံးပြုနိုင်ရန် အထောင်ပိုက်နှင့် ရေဂိတ်ဘားများတပ်ဆင်

**ယင်းမာပင် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့တွင် ရေလျှံတွင်းပေါင်း ၂၄၁၄ တွင်း အသုံးပြုလျက်ရှိပြီး ယင်းတွင်းများမှ မြေအောက်ရေကို စနစ်တကျ အသုံးပြုနိုင်ရန်နှင့် လေလွင့်ဆုံးရှုံးမှုကိုထိန်းသိမ်းနိုင်ရန် အထောင်ပိုက်နှင့် ရေဂိတ်ဘားများကို ဩဂုတ်လဆန်းပိုင်းမှ စတင်တပ်ဆင် ဆောင်ရွက်လျက်ရှိသည်။

ယင်းမာပင် ရေလျှံဇုန်အတွင်းရှိ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေလျှံတွင်း ၁၁၁၆ တွင်းမှ နှစ်စဉ် တစ်နေ့လျှင် ရေဂါလန် ၄၁ သန်းခန့်နှင့် သောက်သုံးရေတွင်း ၁၂၉၈ တွင်းတို့မှ တစ်နေ့လျှင် ရေဂါလန် ၂၄ သန်းခန့် လေလွင့်ဆုံးရှုံးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ၏ စစ်တမ်းကောက်ယူတွေ့ရှိချက်အရ သိရသည်။

"ရေလျှံတွင်းများက ရေထွက်များပြီး အထောင်ပိုက်များနဲ့ ရေဂိတ်ဘားများတပ်ဆင်ပြီး ထိန်းသိမ်းလုပ်ဆောင်မပေးရင် ရေလျှံဇုန်က ရေထွက်မှု တဖြည်းဖြည်း ရေထွက်လျော့ကျလာပြီး ရေရှည်မှာ ကွယ်ပျောက်နိုင်မယ့်အခြေအနေရှိလာပါပြီ။ ဒါကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ တွင်းပေါင်း ၉၈၃ တွင်းကို အထောင်ပိုက်များနဲ့ ရေဂိတ်ဘားများ တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်သန်းက ပြောသည်။

ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)အနေဖြင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများနှင့် လယ်ယာမြေများတွင် ပုဂ္ဂလိကပိုင် ရေလျှံတွင်းပေါင်း ၂၄၁၄ တွင်းကို ရေလျှံဇုန်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဇီးတော(မ)ကျေးရွာ၊ လည်ငေါက်ကျေးရွာ၊ တဲစုကျေးရွာ၊ ရွာသာယာကျေးရွာနှင့် ဘိုက်သရက်ကျေးရွာများမှ သောက်သုံးရေတွင်း ၃၅၂ တွင်းနှင့် စိုက်ပျိုးရေတွင်း ၆၃၁ တွင်းကို အထောင်ပိုက်များနှင့် ရေဂိတ်ဘားများ တပ်ဆင်မည်ဖြစ်ပြီး ကျန်ရေလျှံတွင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးတပ်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# ပြည်သူ့စကားဝိုင်းများ ရွှေပြည်သာနှင့် ခရမ်းတွင်ကျင်းပ

**ရွှေပြည်သာ**

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်) ခရိုင်ဦးစီးမှူး ဒေါ်အေးအေးခိုင်၊ မူးယစ်တပ်ဖွဲ့စု (၄၀) မှ ဒုရဲအုပ်ဝေဖြိုးဦး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်၊ ဒုမြို့နယ်ဥပဒေအရာရှိ ဒေါ်အယ်နီးထားစိုး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ အတွင်းရေးမှူး လူငယ်ထုသံတမန် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးချစ်ချောတို့က မူးယစ်ဆေးဝါး၏ ကြောက်မက်ဖွယ်ဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်းကြောင့် လူနေမှုဘဝပေါင်းများစွာတို့ ထိခိုက်နစ်နာရမှုများ၊ ကွမ်းစား၊ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားနိုင်သော ကျန်းမာရေးထိခိုက်မှုများအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ပွင့်ဖြူခိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



**ခရမ်း**

ခရမ်းမြို့နယ် အမှတ် (၁) ရပ်ကွက် အထက (၁) စိန်ရတုခန်းမတွင် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပခဲ့သည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (အောက်မြန်မာနိုင်ငံ) ဥက္ကဋ္ဌ ဦးစံရှိန်က အမှာစကားပြောကြားပြီး ကျောင်းသားလူငယ်ထုသံတမန် ဦးချစ်ချောနှင့် မူးယစ်ဆေးစွဲပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)သတင်းပြန်ကြားရေးတာဝန်ခံ ဦးဝင်းကျော်တို့က မူးယစ်ဆေးဝါးကာကွယ်ရေးအကြောင်းအရာများ ပြောကြားကာ ခရမ်းမြို့မရဲစခန်းမှ ရဲအုပ်သိန်းဆန်းဝင်းက မူးယစ်ဆေးဝါးဆိုင်ရာဥပဒေများနှင့် အထက-(၁) တာဝန်ခံဆရာမ ဒေါ်အေးအေးခိုင်က ကျောင်းသား ကျောင်းသူများအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါးများသုံးစွဲခြင်းမပြုရန် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## တိုတိုထွာထွာဖတ်စရာ

### ကြက်ခြေနီသွေးလှူရှင်များအားဂုဏ်ပြု

**ဓနုဖြူ**

ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ကြက်ခြေနီသွေးအလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အုပ်ချုပ်ရေးအဖွဲ့တိုင်းတပ်ဖွဲ့မှူး ဦးဝင်းမြင့်၊ ကျုံတနီးတိုက်နယ်ဆရာဝန် ဒေါက်တာဦးနိုင်လင်းထွန်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးလှမျိုးသန့်တို့က အမှာစကားပြောကြားပြီး ကြက်ခြေနီသွေးအလှူရှင် ၉၀ အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

### အသံချဲ့စက်ဖွင့်ပြိုင်ပွဲ မြိုင်မြို့နယ်တွင်ကျင်းပ

**မြိုင်**

ကျေးရွာဘုရားပွဲဆွမ်းလောင်းချိန်များတွင် ကျေးရွာဓလေ့ထုံးစံတစ်ခုဖြစ်သော အသံချဲ့စက်ဖွင့်ပြိုင်ပွဲနှင့် တေးသရုပ်ဖော်ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်က မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လင်းကတောကျေးရွာတွင် ကျင်းပသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြိုင်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့တွင် အလှူအတန်းပွဲများ၊ မင်္ဂလာဆောင်၊ တရားပွဲများနှင့် ဆွမ်းလောင်းပွဲများတွင် အသံချဲ့စက်ဖွင့်သည့် ဓလေ့စရိုက်တစ်ခုသည် ယနေ့အချိန်အထိ ရှင်သန်နေရာ ယခုကဲ့သို့ ပြိုင်ပွဲများတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ယှဉ်ပြိုင်ကြသည့် အသံချဲ့စက်များကို လာရောက်ကြည့်ရှုအားပေးကြပြီး မိမိတို့ဒေသတွင်ကျင်းပသည့် အလှူအတန်းပွဲများတွင် ယင်းစက်များကို ငှားရမ်းအသုံးပြုသည့် ဓလေ့များလည်းရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

### လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန်**

ရန်ကုန်မြို့သာကေတမြို့မရဲစခန်းမှ မြို့မရဲစခန်းမှူး ဒုရဲမှူး မင်းသိန်းဝေသည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက သာကေတမြို့နယ် အထက (၃) ၌ လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

### သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ကနီ**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက အထက ကျောင်းတွင် ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မဖြစ်ပွားစေရေးအတွက် သတိပြုလိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်ဝင်းကြည်(ပြန်/ဆက်)**



လှည်းကူးမြို့နယ် ငါးဆူတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မောင်မောင်ဇော် ကြာအင်းအရှေ့ကျေးရွာဓမ္မာရုံတွင် ဩဂုတ် ၁၃ ရက် နံနက်က မူခင်းဆိုင်ရာများကို အသိပညာပေးဟောပြောစဉ်။ **ဟန်စိုး**

## ရေကြီးနစ်မြုပ်နေသည့် ကျေးရွာများသို့ အလှူရှင်များ သွားရောက်လှူဒါန်း

**ဘားအံ ဩဂုတ် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ရေကြီးခဲ့သည့် ကျေးရွာများ ပြန်လည်ရေကျသွားသော်လည်း ဂျိုင်းမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနေသေးသည့် ကျေးရွာများအား အလှူရှင်များကိုယ်တိုင် ကျေးရွာအရောက် လှူဒါန်းနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက သွားရောက်လှူဒါန်းခဲ့သည်။

ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းဦးဆောင်၍ အလှူရှင်များဖြစ်သော သုံးရောင်ခြယ်ပြည်သူ့အကျိုးပြု လူမှုကွန်ရက်အဖွဲ့မှ ဘားအံမြို့နယ် ဂျိုင်းမြစ်ရေမြင့်တက်မှုကြောင့် ရက်ရှည်ရေဝင်ရောက်နေသည့် ကျုံဖဲကျေးရွာ အိမ်ထောင်စု ၁၆၀ ကျော်အတွက် သရက်ကုန်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ တစ်အိမ်ထောင်လျှင် လက်ဖက်၊ အကြော်စုံထုပ်၊



ငါးသေတ္တာဘူး၊ မြေပဲလှော်ထုပ်၊ အသင့်စားခေါက်ဆွဲထုပ်များ၊ ငါးပိထောင်းဘူး၊ ငါးခြောက်ကြော်ဘူးများအား ဝေငှလှူဒါန်းခဲ့သည်။

ဆက်လက်၍ ခရားအပြင်ကျေးရွာရှိ ရေကြီးနစ်မြုပ်နေသည့် အိမ်ထောင်စု ၁၄၄၀ အတွက် ဆန်အပါအဝင် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မိုင်းယောင်း၌ မီးဘေးကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**မိုင်းယောင်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

မီးသတ်ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးထွန်းနေလှိုင်က မီးလောင်မှုဖြစ်ပွားပါက ထိတ်လန့်ကြောက်ရွံ့မှုမရှိဘဲ မီးငြိမ်းသတ်နိုင်စေရန်၊ မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးသိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လောင်စာဆီမှ မီးလောင်ကျွမ်းခြင်း၊ ဂက်စ်မီးဖိုမှ မီးလောင်ကျွမ်းခြင်းနှင့် ရိုးရိုးမီးလောင်ကျွမ်းခြင်းများကို မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ကျောင်းသားကျောင်းသူများ ပိုမိုသိရှိနားလည်စေရန် လက်တွေ့သရုပ်ပြသခဲ့ပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကိုယ်တိုင် လက်တွေ့ပြုလုပ်စေခဲ့သည်။

**စိုင်းအောင်ဇော်လင်း**



## လျှော်နှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်

**လှိုင်လင် ဩဂုတ် ၁၉**

လှိုင်လင်ခရိုင် မီးသတ်ဦးစီးဌာနကကြီးမှူး၏ လျှော်ဘေးနှင့်သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ကျင်းပသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းပြီး လူ့အသက်ကို ကယ်ဆယ်နိုင်ရန်ရည်ရွယ်၍ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုတွင် မီးသတ်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

## ရွှေဘိုမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အား စတင်ရရှိ

**ရွှေဘို ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) ပထမအဆင့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်၍ SOE MOE THAN ကုမ္ပဏီမှ ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ကျေးရွာ ၁၆ ရွာတွင် ကျေးရွာ ၁၂ ရွာ လျှပ်စစ်ဓာတ်အား စတင်ရရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းမြင့်ဦးထံမှ သိရသည်။

အဆိုပါလျှပ်စစ်ဓာတ်အား စတင်ရရှိသည့်ကျေးရွာများမှာ ဥသျှစ်ကန်ရွာဟောင်း၊ ကျေးရွာ အင်ပင်လှ၊ မင်းပေး၊ တည်သီးတော၊ ညောင်ကိုင်း၊ ညောင်ပင်လှ၊ ပေါက်ချိုင်၊ ရွှေကူ၊ လက်ပံကုန်း၊ ငါးဆူကုန်း၊ သစ်ကြီးတောနှင့် ဝါးရုံကန်ကျေးရွာများဖြစ်ကြောင်း သိရသည်။ ၎င်းကျေးရွာများရှိ နေအိမ်များ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန်အတွက် အိမ်သုံးမီတာများကို အမြန်ဆုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ပထမအဆင့်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိသော ဘိုတဲ၊ ဆင်းကွပ်(အရှေ့)၊ ဆင်းကွပ်(အနောက်)နှင့် ဆီဆုံကုန်းကျေးရွာတို့ကို စက်တင်ဘာလအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**





ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ညွန့်သည် ဩဂုတ် ၁၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဟိုတယ်၊ တည်းခိုခန်း၊ အဆောင်ပိုင်ရှင်နှင့် မန်နေဂျာများအား လုံခြုံရေး၊ မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၂၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ကျုံကူးတိုက်နယ်ဆရာဝန်၊ ကျုံကူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဝင်းမော်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသားကျောင်းသူများ၏ လက်ဝယ်သို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ရွှေတောင် (၁၀) ဝါမျိုးသစ် စံပြစိုက်ခင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**မလှိုင် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာ သင်ပုန်းဆည်ရေသောက်ကွင်းအမှတ် (၃၈၄)၊ တောင်သူ ဦးနုဝင်း၏ စံပြစိုက်ကွက် နှစ်ဧကတွင် စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည် ရွှေတောင် (၁၀) ဝါမျိုးသစ်စိုက်ခင်း၌ ယမန်နေ့က တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းယုက ရွှေတောင်(၁၀)ချည်မျှင်ရှည်ဝါမျိုးသစ်သည် အထွက်နှုန်းကောင်းမွန်ကြောင်း၊ စံကွက်ရိတ်သိမ်းမှုအရ တစ်ဧကလျှင်ပိဿာ ၅၀၀ မှ ၇၀၀ အထိ ထွက်ရှိနိုင်ကြောင်း၊ ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ဈေးရှိသဖြင့် အကျိုးအမြတ်များသောသီးနှံဖြစ်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးသွားကြရန် အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းက ရွှေတောင် (၁၀) ချည်မျှင်ရှည်ဝါမျိုးသစ် လက္ခဏာများနှင့် အရည်အသွေးကောင်းမွန်သည့် ဝါများရရှိစေရန် ပိုးမွှားရောဂါကာကွယ် နှိမ်နင်းနည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကွင်းတာဝန်ခံ ဦးကနေဒီထွန်းက ရွှေတောင် (၁၀) ချည်မျှင်ရှည်ဝါ စိုက်ပျိုးနည်း အသေးစိတ်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **အောင်ငွေး(မလှိုင်)**

# အာဆင်နယ်နဲ့ ချယ်လ်ဆီး နောက်တန်းကစားသမားဟောင်း အက်ရှ်လေကိုးလ် ကစားသမားဘဝမှ အနားယူလိုက်ပြီ




အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ နောက်တန်းကစားသမား အက်ရှ်လေကိုးလ်ဟာ ဘောလုံးကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိ အက်ရှ်လေကိုးလ်ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီကုန်မှာ ဒါဘီကောင်တီအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့တာဖြစ်ပြီး လက်ရှိမှာ ကစားသမားဘဝမှ အနားယူကာ နည်းပြဘဝကို ပြောင်းလဲဖို့လုပ်ဆောင်သွားမယ်လို့ဆိုပါတယ်။

အက်ရှ်လေကိုးလ်ဟာ သူ့ရဲ့ပရော်ဖက်ရှင်နယ် ဘောလုံးသမားဘဝကို ၁၉၉၉ ခုနှစ်က အာဆင်နယ်အသင်းနဲ့အတူ စတင်ခဲ့တာဖြစ်ပြီး ခရစ္စတယ်ပဲလေ့အသင်းတွင်လည်း အငှားသွားရောက်ကစားခဲ့ကာ ချယ်လ်ဆီးအသင်း၊ ရိုးမားအသင်း၊ အယ်လ်အေဂလက်ဆီအသင်း၊ ဒါဘီကောင်တီအသင်းတို့မှာ အမြဲတမ်းစာချုပ်နဲ့ ကစားခဲ့ဖူးတာဖြစ်ပါတယ်။

နောက်တန်း ကစားသမား အက်ရှ်လေကိုးလ်ဟာ အင်္ဂလန်အသင်းနဲ့အတူ နိုင်ငံတကာ ပွဲစဉ် ၁၀၇ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ကစားသမားဘဝမှာ အက်ဖ်အေဖလားကို ခုနစ်ကြိမ်အထိ ရယူနိုင်ခဲ့တဲ့အတွက် အက်ဖ်အေဖလားပြိုင်ပွဲမှာ အောင်မြင်မှုအရှိဆုံးလည်းဖြစ်ပါတယ်။

အက်ရှ်လေကိုးလ်ဟာ အာဆင်နယ်အသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်၊ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့အပြင် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှာဆိုရင် ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အက်ရှ်လေကိုးလ်ဟာ ဒါဘီကောင်တီအသင်းမှာ ကစားစဉ်က ချယ်လ်ဆီးကစားဖော် ဟောင်းဖရန့်လမ်းပတ်ရဲ့လက်အောက်မှာ ကစားခဲ့ရတာဖြစ်ပြီး ဒါဘီကောင်တီအသင်း ပရီမီယာလိဂ်တက်လှမ်းရေးအတွက် ခြေကုန်ထုတ်ကစားပေးခဲ့ပေမယ့် အက်စ်တွန်ဗီလာအသင်းကို ရှုံးခဲ့လို့ ဒါဘီကောင်တီအသင်းမှာ ချန်ပီယံရှစ်မှာပဲ ကျန်ခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ် - ရေး သား သည်




## ပီအက်စ်ဂျီအသင်းက ဒိုင်ဘာလာကို ပေါင် ၇၅ သန်းနဲ့ခေါ်ယူဖို့ ဂျူဗင်တပ်အသင်းနဲ့ ဆွေးနွေးမှုများပြုလုပ်လျက်ရှိ

ပီအက်စ်ဂျီအသင်းဟာ ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားကစားသမား ဒိုင်ဘာလာကို ခေါ်ယူဖို့ပြင်ဆင်လျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းနဲ့ ပြင်သစ်မြေအရောက် ခေါ်ယူရေး ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ဒိုင်ဘာလာရဲ့အေးဂျင့်ဖြစ်သူကလည်း ပီအက်စ်ဂျီအသင်းရဲ့ အားကစားဒါရိုက်တာ လီယိုနာဒိုနဲ့လည်း ဆွေးနွေးမှုတွေပြုလုပ်နေတယ်လို့ဆိုပါတယ်။ ပီအက်စ်ဂျီအသင်းက ဒိုင်ဘာလာကို ဩဂုတ် ၂၁ ရက်မှာ စာချုပ်ချုပ်ဆိုနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းကလည်း ဒိုင်ဘာလာကို ရောင်းချပြီး ဥရောပအပြောင်းအရွှေ့ဈေးကွက်မပိတ်မီ အင်တာမီလန်အသင်းတိုက်စစ်မှူး အိုင်ကာဒီကို ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒိုင်ဘာလာဟာ အခုအပြောင်းအရွှေ့အတွင်း ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်းနဲ့ စပါးအသင်းတို့ကို ပြောင်းရွှေ့ဖို့စီစဉ်ခဲ့ပေမယ့် အပြောင်းအရွှေ့ကိစ္စ မအောင်မြင်ခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ တနင်္ဂနွေညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ရင်းနက်စ်အသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အပြောင်းအရွှေ့မပိတ်မီကာလအတွင်း မျက်နှာသစ်ကစားသမားတစ်ဦးခေါ်ယူဖို့လည်း စီစဉ်ထားတယ်လို့ဆိုပါတယ်။

# အနုပညာ

## တရားဝင် ကွာရှင်းလိုက်ပြီဖြစ်တဲ့ ဂိုဟေဆန်းနဲ့ အာဂျေယန်း




တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ နောက်ထပ်စုံတွဲတစ်တွဲဟာ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာ ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာသူတွေကတော့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ အာဂျေယန်းနဲ့ ဂိုဟေဆန်းတို့ဖြစ်ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၁၈ ရက်မှာ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂိုဟေဆန်းက ခင်ပွန်းဖြစ်သူ အာဂျေယန်းဟာ သူနဲ့ လမ်းခွဲဖို့ရာ တောင်းဆိုလာကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ အာဂျေယန်းဟာ လက်ရှိမှာ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်ကာ ဇာတ်လမ်းတွဲသစ်ကိုလည်း လက်ခံရိုက်ကူးပေးဖို့ရာ ရှိနေပါတယ်။ သူတို့နှစ်ဦးဟာ မင်္ဂလာသက်တမ်းသုံးနှစ်ခန့်မှာ ယခုလို လမ်းခွဲလိုက်တာလည်း ဖြစ်ပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး ကြယ်ပွင့်နှစ်ဦးရဲ့ဖျော်ဖြေရေးအေဂျင်စီကလည်း သူတို့နှစ်ဦး ကွာရှင်းလိုက်ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ ဂိုဟေဆန်းက ခင်ပွန်းဖြစ်သူနဲ့ ကွာရှင်းလိုခြင်းမရှိပေမယ့် အာဂျေယန်းဘက်က ကွာရှင်းဖို့ရာ တောင်းဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## စင်ကာပူမှာ သွားရောက်ဖျော်ဖြေမယ့် EXO

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “EXO” ဟာ နယ်လှည့်ဖျော်ဖြေပွဲကို စင်ကာပူမှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။ အဖွဲ့ရဲ့ စင်ကာပူဖျော်ဖြေပွဲကို လာမယ့် စက်တင်ဘာလအတွင်း ပြုလုပ်သွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ငါးခုမြောက် နယ်လှည့်ဖျော်ဖြေပွဲအစီအစဉ်အတွင်း စင်ကာပူမှာ ဖျော်ဖြေပွဲပြုလုပ်သွားမှာပါ။ အဆိုပါဖျော်ဖြေပွဲကို လာမယ့် စက်တင်ဘာ ၁၅ ရက်မှာ ပြုလုပ်သွားမှာဖြစ်ကြောင်း ဖေ့စ်ဘွတ်ပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲမှာ အဖွဲ့ဝင် ဒီအိုနဲ့ လေးတို့ကလွဲလို့ ကျန်တဲ့အဖွဲ့ဝင်တွေ ပါဝင်သွားနိုင်ဖွယ်ရှိပါတယ်။ ဒီအိုဟာ လက်ရှိမှာ စစ်မှုထမ်းဆောင်နေတာဖြစ်ပြီး လေးကတော့ တရုတ်မှာ ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။

## လက်ထပ်လိုက်ပြီဖြစ်တဲ့ ဝိန်းဂျွန်ဆင်



ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသားကြီး ဝိန်းဂျွန်ဆင်ဟာ လတ်တလောမှာ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ သူ့ရဲ့ သတို့သမီးကတော့ သူနဲ့ အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ချစ်သူ လော်ရန်ဟာရှီယန်ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားက သူ့ရဲ့မင်္ဂလာသတင်းကို ဩဂုတ် ၁၉ ရက်က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဝိန်းဂျွန်ဆင်က မင်္ဂလာပွဲမှ ဓာတ်ပုံအချို့ကို ဖော်ပြခဲ့ပြီး မင်္ဂလာအခမ်းအနားကိုတော့ ဟာဝိုင်ရီမှာ ပြုလုပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီမင်္ဂလာပွဲအပေါ် ပရိသတ်တွေက ဆုတောင်းစကားတွေ ရေးသားဖော်ပြခဲ့ကြသလို ကြယ်ပွင့်တွေကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း လူမှုကွန်ရက်ပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဝိန်းဂျွန်ဆင်နဲ့ လော်ရန်ဟာရှီယန်တို့ဟာ လက်ရှိမှာ သမီးလေးနှစ်ဦး ရရှိခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း သမီးလေးတစ်ဦး မွေးဖွားခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဧပြီလအတွင်းမှာလည်း နောက်ထပ်သမီးလေးတစ်ဦး ထပ်မံမွေးဖွားခဲ့တာ ဖြစ်ပါတယ်။

အေးပြည့် - စု စည်း သည်

# စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ဖျာပုံ ဩဂုတ် ၁၉**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းအကောင်အထည်ဖော်မည့်သူများ ဆွေးနွေးပွဲကိုဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်နှင့် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးရခြင်းရည်ရွယ်ချက်နှင့် မီးဖို၏အသုံးဝင်ပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များမေးမြန်းရာ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စွမ်းအားမြင့်မီးဖို သုံးစွဲနည်းကို လက်တွေ့သရုပ်ပြသသည်။

စွမ်းအားမြင့်မီးဖို အခမဲ့ဖြန့်ဝေခြင်း စီမံကိန်းသည် သစ်တောပြုန်းတီးမှုလျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုရန် ရည်ရွယ်ထားကြောင်း သိရပြီး ဖျာပုံမြို့နယ်အတွင်းရှိကျေးရွာများအရောက် စွမ်းအားမြင့်မီးဖို အလုံးရေ ၃၆၀၀၀ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ကျိုင်းတုံမြို့၌တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းကုသ

**ကျိုင်းတုံ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ခရိုင်၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် (အခမဲ့) ကွင်းဆင်းကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို ယန်းလူးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁၈ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်တိုင်းရင်းဆေးကုဌာန ခရိုင်ဦးစီးမှူး ဦးမင်းဟန်က တိုင်းရင်းဆေးပညာဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းရင်းဆေးရုံအုပ် ဦးမြင့်ခိုင်က ရာသီတုပ်ကွေးနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်းထွန်းက စာဖတ်ရှိန်မြင့်တင်ရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးများအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူ ၁၅၀ ကျော်အား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကုသပေးပြီး လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



## မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**မိတ္ထီလာ ဩဂုတ် ၁၉**

မိတ္ထီလာမြို့နယ်၌ ထီလာဦးမျက်စိအထူးကုဆေးရုံနှင့် မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ပူးပေါင်း၍ သတ္တမအကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ထီလာဦးမျက်စိအထူးကုဆေးရုံတွင် အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ထီလာဦးမျက်စိအထူးကုဆေးရုံနှင့် မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်းမှ မျက်စိဆရာဝန်ကြီးများဖြစ်ကြသည့် မုံရွာမှ ဒေါက်တာဦးအေး၊ ပခုက္ကူမှ ဒေါက်တာဦးတင်ကိုကို၊ ရန်ကုန်မှ ဒေါက်တာမြတ်စုခင်၊ မြင်းခြံမှ ဒေါက်တာသန္တာထွန်း၊ မိတ္ထီလာမှ ဒေါက်တာဦးသိန်းဇော်၊ ဒေါက်တာဒေါ်မိုးကေသွယ်အောင်နှင့် သီတဂူအာယုဒါနဆေးရုံမှ ဒေါက်တာဒေါ်မိမိခင်တို့ ဦးဆောင်သည့် ဆေးရုံဝန်ထမ်းများက မိတ္ထီလာ၊ မလှိုင်၊တောင်သာ၊ ရပ်စောက်မြို့နယ်များမှ အတွင်းတိမ်မျက်စိဝေဒနာရှင် ၁၃၁ ဦးအား ဩဂုတ် ၁၇ ရက်မှ ၁၉ရက်အထိ လေဆာပစ်ခြင်း၊ မျက်သားခြစ်ခြင်းကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျက်စိခွဲစိတ်ပေးရာတွင် လာရောက်ပြသသည့် လူနာများအား သွားလာရေးနှင့် စားသောက်ရေးအတွက် မလှိုင်မြို့ ရှစ်မျက်နှာဆရာတော်ကြီးနှင့် မလှိုင်မြို့နယ်အတွင်းရှိ ကုသိုလ်ရှင်များ၊ မိတ္ထီလာမြို့နယ်တို့မှ ကုသိုလ်ရှင်များက ပံ့ပိုးကူညီပေးခဲ့ကြောင်း ထီလာဦးအထူးကုဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဇော်ထွန်းက ပြောကြားခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မော်လိုက်မြို့၌ ချင်းတွင်းမြစ်အတွင်း ငါးမျိုးကောင်ရေ တစ်သိန်း စိုက်ထည့်

**မော်လိုက် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ချင်းတွင်းမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့ VIP ဆိပ်ကမ်း၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်၊ ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်သိန်းနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများက ငါးမြစ်ချင်းကောင်ရေ တစ်သိန်းကို ချင်းတွင်းမြစ်အတွင်း စိုက်ထည့်ပေးခဲ့ကြသည်။

ယင်းကဲ့သို့ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးရခြင်းသည် သဘာဝမြစ်ချောင်း အင်းအိုင်များထဲတွင် ငါးမျိုးစိတ်ပေါများလာစေရေး၊ ဖမ်းဆီးမှုများကြောင့် လျော့နည်းသွားသည့် ငါးမျိုးများအတွက် ပြန်လည်ဖြည့်တင်းပေးခြင်းဖြစ်ကြောင်း၊ မော်လိုက်မြို့နယ်တွင် ငါးမွေးမြူရေးအနေဖြင့် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေသည့် မိသားစုငါးမွေးမြူရေးကန် ၃၀ သာရှိပြီး မြို့နယ်အတွင်း ငါးစားသုံးနိုင်မှုမှာ ဖူလုံမှုရှိကြောင်း မော်လိုက်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းထံမှ သိရသည်။

**မော်လိုက်သားလေး**

## သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။

### စာပေရေးရာဆွေးနွေးပွဲ (ကာတွန်း) ကျင်းပမည်

စာပေရေးရာဆွေးနွေးပွဲ(ကာတွန်း) ကို မန္တလေးမြို့ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့ငှက်ဓာတ်ပုံပြပွဲကျင်းပမည်

မြန်မာ့သဘာဝ ငှက်အလှဓာတ်ပုံများကို ကြည့်ရှုခံစားစေရန် မြန်မာ့ငှက်ဓာတ်ပုံပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့်၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဩဂုတ် ၂၄ ရက် မှ ၂၅ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### စွန့်ဦးတီထွင်ပြိုင်ပွဲနှင့် ကုန်စည်ပြပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသော စီးပွားရေး ဆိုင်ရာဟောပြောပွဲ စွန့်ဦးတီထွင်ပြိုင်ပွဲနှင့် ကုန်စည်ပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ် ၂၄ ရက် မှ ၂၅ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Miss Universe Mandalay 2019 ပြိုင်ပွဲ ကျင်းပမည်

Miss Universe Mandalay 2019 ပြိုင်ပွဲကို မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်တွင် ဩဂုတ် ၃၁ ရက် ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Internal Medicine Conference 2019 ကျင်းပမည်

Internal Medicine Conference 2019 ကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့ရိုးရာလက်ဝှေ့ ဥက္ကဋ္ဌဖလားပြိုင်ပွဲ ကျင်းပမည်

အထက်မြန်မာပြည် မြန်မာ့ရိုးရာလက်ဝှေ့ဥက္ကဋ္ဌဖလားပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားရုံတွင် စက်တင်ဘာ ၁၂ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ဝေါ ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့၌ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့တို့က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းပွဲနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။

ဝေါမြို့သစ်စက်ရပ်ကွက်ရှိ ဘူတာရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စု ၁၅ စုမှ ပြည်သူ ကျား ၂၅ ဦး၊ မ ၄၀ ဦးတို့အား တစ်ဦးလျှင် ၅၀၀၀ ကျပ်နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## သီးနှင့် ဆိတ်မွေးမြူသူများ ဝင်ငွေကောင်း

**နတ်မောက် ဩဂုတ် ၁၉**

အညာဒေသ နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့တွင် တောင်သူများသည် မိမိတို့ပုံမှန်လုပ်ကိုင်သည့် စိုက်ပျိုးရေးအပြင် သိုးနှင့် ဆိတ်မွေးမြူရေးကို လုပ်ကိုင်လျက်ရှိရာ ဝင်ငွေရရှိနေကြောင်း သိရသည်။

"သိုး ၁၀ ကောင်၊ ဆိတ် ၁၀ ကောင်မွေးပြီး လက်ရှိသိုးကောင်ရေ ၁၅ ကောင်၊ ဆိတ်အကောင် ၃၀ အထိ တိုးပွားလာလို့ ရောင်းရာမှာ ဝင်ငွေရတယ်" ဟု နတ်မောက်မြို့နယ်က ဒေသခံကိုလှဝင်းက ပြောသည်။

လက်ရှိတွင် သိုးတစ်ကောင် အနေအထားပေါ်မူတည်ပြီး တစ်ကောင် ကျပ် ၈၀၀၀၀ ကနေ ကျပ် ၁၂၀၀၀၀၊ ဆိတ်တစ်ကောင်ကျပ် ၁၅၀၀၀၀ ကနေ ကျပ် ၁၈၀၀၀၀ အထိ ပေါက်ဈေးရှိပြီး ပြည်တွင်း ပြည်ပအရောင်းအဝယ်ရှိကြောင်း သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

# မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များခန့်အပ်ပွဲမှ စကားသံများ

**မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်မိတ်ဆက်ခြင်းနှင့် တိုင်းရင်းဆေးသံတမန်များခန့်အပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် တိုင်းရင်းဆေးသံတမန်များ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-**


ဒေါက်တာမိုးဆွေ


ဒေါက်တာသိန်းဇော်လင်း


ဦးအောင်မြတ်ကျော်


ဦးစိုးဝင်း


ဦးမောင်မောင်ဦး


ဦးထွန်းရွှေ


ဒေါက်တာကြည်ကြည်ဦး


ဒေါ်ကြူကြူ


သူရိယ(သရုပ်ဆောင်)


မေခင်ဆု


ဒေါ်ဖြူဖြူစိန်

**ဒေါက်တာမိုးဆွေ**
**ညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

တိုင်းရင်းဆေးသမိုင်း ဆိုရင်တော့ အချိန်ပေးပြီး အရှည်ကြီးရေးရမယ်၊ အဲဒီလောက် အချိန်မပေးနိုင်တဲ့အတွက် တိုင်းရင်းဆေးမှတ်တိုင်များ ဆိုပြီးတော့ ရှေးကဆောင်ရွက်ခဲ့တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များရဲ့ ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုနဲ့ အစဉ်အလာကြီးမားတဲ့ မြန်မာ့တိုင်းရင်းဆေး မှတ်တိုင်များကို မျိုးဆက်သစ်လူငယ်များ သိရှိပြီးတော့ လက်ဆင့်ကမ်းနိုင်ဖို့ ဒီစာအုပ်ကို စီစဉ်ခဲ့ရခြင်းဖြစ်ပါတယ်။ သမိုင်းနဲ့ပတ်သက်တဲ့ အထောက်အထားတွေကတော့ အများကြီးရှိပါတယ်။ အချိန်တိုအတွင်း ဆောင်ရွက်ရတဲ့အတွက် အခက်အခဲတွေလည်း ရှိပါတယ်။

**ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း**
**ခေတ္တပါမောက္ခချုပ်**
**မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်**

မြန်မာနိုင်ငံမှ တိုင်းရင်းဆေး မှတ်တိုင်များဆိုတာ တိုင်းရင်းဆေးပညာရဲ့ရှေးအစဉ်အဆက်ကတည်းက တိုးတက်ဖြစ်ထွန်းလာတဲ့ မှတ်တမ်းမှတ်ရာတွေကို စုစည်းဖော်ပြထားတာဖြစ်ပါတယ်။ အရင်ကရှိခဲ့ဖူးတဲ့ စာအုပ်ဟာ ခေတ်နောက်ကျနေတဲ့အတွက် တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ မှတ်တမ်းအသစ်တွေကို ဒီစာအုပ်မှာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလို သမိုင်းမှတ်တိုင်တွေကို လေ့လာပြီး တိုင်းရင်းဆေးပညာရဲ့အားနည်းချက်၊ အားသာချက်တွေကို ပြုပြင်ပြီးတော့ မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်သွားနိုင်မယ်လို့ ထင်ပါတယ်။

**ဦးအောင်မြတ်ကျော်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

တိုင်းရင်းဆေးနဲ့ ပတ်သက်လို့ရှိရင် မှတ်တမ်းမှတ်ရာအနေနဲ့ အရင်က အားနည်းခဲ့တယ်။ အဲဒီကွက်လပ်ကို ဒီစာအုပ်က ဖြည့်ဆည်းပေးတယ်လို့ ထင်ပါတယ်။ ၁၉၇၀ ကျော် နောက်ပိုင်းလောက်မှာ ဒီလိုမျိုးစာအုပ်ရယ်လို့မှတ်တမ်းမှတ်ရာတိတိကျကျမရှိခဲ့ဘူး။ သမိုင်းမှာဘာတွေဖြစ်ခဲ့လည်းဆိုတာသိမှ သမိုင်းရဲ့အမွေအနှစ်တွေကို ရမယ်။ သင်ခန်းစာတွေယူလို့ရမယ်။ ဒီပေါ်မှာမူတည်ပြီးရှေ့ဆက်ဘယ်လိုသွားရမလဲဆိုတဲ့လုပ်ငန်းစဉ်တွေချမှတ်လို့ရမှာ ဖြစ်တဲ့အတွက် ဒီစာအုပ်သည် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ဖြစ်ပါတယ်။

**ဦးစိုးဝင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ**
**တိုင်းရင်းဆေးဆရာအသင်း-ဗဟို)**

တိုင်းရင်းဆေးလောကမှာ သံတမန်ခန့်တာ ပထမဆုံးဖြစ်ပါတယ်။ သံတမန်တွေအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးနဲ့ စောင့်ရှောက်မှုပေးတဲ့ နေရာမှာ သာမန်လူတွေထက် ဒီလိုအနုပညာလောကမှာထင်ရှားတဲ့သူတွေ၊ နိုင်ငံတကာအတွေ့အကြုံရှိတဲ့သူတွေကို သံတမန်ခန့်ပြီးကျန်းမာရေးပညာပေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်တဲ့အတွက် ပြည်သူကစိတ်ဝင်စားပြီးတော့ တိုင်းရင်းဆေးကိုပိုမိုလူသိများလာစေဖို့ခန့်အပ်တယ်လို့ ယူဆပါတယ်။

**ဦးမောင်မောင်ဦး**
**(ဂရိတ်ဝေါတိုင်းရင်းဆေးဝါး**
**ထုတ်လုပ်ရေး)**

တိုင်းရင်းဆေးနဲ့ ပတ်သက်လို့ ရေရှည်ဆောင်ရွက်မယ်ဆိုရင် သမိုင်းတွေသိဖို့ လိုတယ်။ မျိုးဆက်သစ်လူငယ်တွေအများကြီး မွေးထုတ်ထားတယ်။ ဒါပေမယ့် တိုင်းရင်းဆေးနဲ့ ပတ်သက်ရင် သူတို့သမိုင်းကို သိပ်မသိဘူး။ နှစ်ပေါင်းလေးဆယ်အတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးရှိသလို နိမ့်ဆင်းသွားတာတွေလည်းရှိတယ်။ ဒါတွေကိုသိမှ ရှေ့ဆက်မယ့်လမ်းကြောင်းကို ပိုသိမှာ။ ဒါကြောင့် ဒီမြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်ကိုပြုစုရခြင်းဖြစ်ပါတယ်။ အရင်တုန်းက အမှားတွေသိရင် ဆက်မလုပ်တော့ဘူး။ အမှန်တွေကို ဆက်လက်သယ်ဆောင်သွားမယ်။ ဒါကြောင့် ဒီစာအုပ်ဟာ တိုင်းရင်းဆေးဖွံ့ဖြိုးမှုအတွက် တွန်းအားတစ်ခုအနေနဲ့ ပေါ်ပေါက်လာတယ်လို့ ပြောလို့ရတယ်။ တိုင်းရင်းဆေးသံတမန် ဆိုတာကတော့ ကျွန်တော်တို့ရဲ့တိုင်းရင်းဆေးကို ရှေ့ကိုတစ်လှမ်းတိုးဖို့အတွက် လူသိပိုများတဲ့သူတွေကို သံတမန်အဖြစ် ခန့်အပ်တာပါ၊ ဒီမှာထူးခြားမှုက အခုခန့်လိုက်တဲ့သံတမန်တွေက တိုင်းရင်းဆေးမျိုးဆက်တွေ ဖြစ်နေတယ်။ သူတို့တွေက မြန်မာ့တိုင်းရင်းဆေးကို ပြည်သူလူထုကြားမှာ ပိုမိုထိုးဖောက်ပြီးတော့ ယုံကြည်မှုတွေ တိုးပွားလာအောင် ဆောင်ရွက်သွားမယ်လို့ယုံကြည်ပါတယ်။

**ဦးထွန်းရွှေ**
**(ထွန်းရွှေဝါတိုင်းရင်းဆေးဝါး**
**ထုတ်လုပ်ရေး)**

မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်မှာ ပုဂံခေတ်မတိုင်မီမှ ယနေ့ခေတ်အထိ ခေတ်အဆက်ဆက်က တိုင်းရင်းဆေးပညာရပ်တွေကို ဘယ်လိုမှတ်တမ်းတင်ထားလဲဆိုတာ တွေ့ရတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဆိုတာကလည်း ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်ဖြစ်ပြီး တန်ဖိုးရှိတဲ့ဆေးပညာအမွေအနှစ်တွေကို လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းသယ်ဆောင်လာကြတာ ဖြစ်တယ်။ ဒီလိုလက်ဆင့်ကမ်းလာခဲ့တဲ့အမွေအနှစ်ရဲ့ အတိတ်အကြောင်းတွေကိုသိရမှ ပစ္စုပ္ပန်နဲ့ အနာဂတ်မှာ ကောင်းမွေကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး တိုင်းရင်းဆေးလောကရဲ့မျိုးဆက်သစ်တွေကို သံတမန်တွေအဖြစ် ခန့်အပ်တဲ့အတွက် မြန်မာ့တိုင်းရင်းဆေးဟာ လူထုကြားကို ပိုမိုထိုးဖောက်ဝင်ရောက်ပြီးတော့ လူသိများလာမယ်လို့ ထင်မြင်မိပါတယ်။

**ဒေါက်တာကြည်ကြည်ဦး**
**ဒုတိယညွှန်ကြားရေးမှူး(သုတေသန)**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

အရင်က တိုင်းရင်းဆေးပညာသမိုင်းဆိုတဲ့ စာအုပ်ရှိခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် နောက်ပိုင်းမှာ တိုင်းရင်းဆေးမှတ်တမ်းတွေအနေနဲ့ တစုတစည်းတည်း မရှိခဲ့တဲ့အတွက် ဒီစာအုပ်ကို ပြုစုခဲ့တာဖြစ်ပါတယ်။ ဒီစာအုပ်မှာ ၂၀၁၉ ခုနှစ်ဇွန်လအထိ တိုင်းရင်းဆေးပညာရပ်နဲ့ ပတ်သက်ပြီး သမိုင်းအထောက်အထားတွေကို စုစည်းပြီး ရေးသားထားပါတယ်။ သုတေသနလုပ်တဲ့အခါမှာ ဒေတာအချက်အလက်ရှိဖို့ လိုပါတယ်။ ဒီစာအုပ်ဟာ စာပေသုတေသနရဲ့ အစိတ်အပိုင်းတစ်ခုလို့မြင်ပါတယ်။

**ဒေါ်ကြူကြူ (တိုင်းဒေသကြီးဦးစီးမှူး)**
**တိုင်းရင်းဆေးပညာဦးစီးဌာန**
**(မန္တလေးတိုင်းဒေသကြီး)**

အခုခန့်လိုက်တဲ့ တိုင်းရင်းဆေးသံတမန်တွေအနေနဲ့ တိုင်းရင်းဆေးလောကသားတွေ ဖြစ်တဲ့အတွက် ထုတ်လုပ်မှုအပိုင်းမှာရော ကုသမှုအပိုင်းမှာပါ အဘက်ဘက်ကတိုးတက်အောင် ဆောင်ရွက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီနေ့မိတ်ဆက်တဲ့ မြန်မာနိုင်ငံမှ တိုင်းရင်းဆေး မှတ်တိုင်များ စာအုပ်ဟာဆိုရင် ပုဂံခေတ် မတိုင်ခင်ကတည်းက တိုင်းရင်းဆေးဆိုတာ ပေါ်ပေါက်ခဲ့တာဖြစ်ပြီး တိုင်းရင်းဆေးသမိုင်းကြောင်းကို ဟိုးအရင်အစဉ်အဆက်ကနေ ယနေ့ခေတ်အထိ လုပ်ဆောင်ခဲ့တဲ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်မှုတွေအားလုံးကို ဒီစာအုပ်ကို လေ့လာခြင်းအားဖြင့် သိရှိနိုင်မှာ ဖြစ်ပါတယ်။

**သူရိယ(သရုပ်ဆောင်)**
**တိုင်းရင်းဆေးအမျိုးသားသံတမန်**

ကျွန်တော်က စိန်ဘယက်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးရဲ့မျိုးဆက်သစ်တစ်ယောက်ဖြစ်သလို တိုင်းရင်းဆေးသိပ္ပံဆင်းတစ်ယောက်ပါ။ တိုင်းရင်းဆေးသံတမန်တစ်ယောက် ဖြစ်လာပြီဆိုတော့ ပြည်သူကြားမှာမြန်မာ့တိုင်းရင်းဆေးကိုပိုမိုပြီး ထိထိရောက်ရောက်သိရှိအောင်၊ ပြည်သူတွေရဲ့ကျန်းမာရေးတိုင်းရင်းဆေးဝါးနဲ့ ပိုမိုပြီး စောင့်ရှောက်ကုသမှုပေးနိုင်အောင်၊ ပြည်သူတွေ တိုင်းရင်းဆေးဝါးကို ယုံကြည်စွာ အသုံးပြုလာအောင် ကြိုးစား ဆောင်ရွက်သွားမှာပါ။

**မေခင်ဆု**
**တိုင်းရင်းဆေးအမျိုးသမီးသံတမန်**

ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်ရဲ့ ဒါရိုက်တာဖြစ်သလို ရုပ်ပျိုရဲ့တတိယမျိုးဆက်လည်း ဖြစ်ပါတယ်။ ခုလိုတိုင်းရင်းဆေးသံတမန်အဖြစ် ခန့်အပ်တဲ့အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ တိုင်းရင်းဆေးကို အများပြည်သူတွေ ပိုသိလာအောင်၊ ယုံယုံကြည်ကြည်နဲ့ သုံးစွဲလာအောင် တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ လမ်းညွှန်မှုတွေနဲ့အတူ အားသွန်ခွန်စိုက် ဆောင်ရွက်သွားမှာပါ။ ဆိုရှယ်မီဒီယာတွေအသုံးပြုပြီး လုပ်ဆောင်သွားမှာပါ။

**ဒေါ်ဖြူဖြူစိန်**
**ဆေးဝါးမှတ်ပုံတင်ဌာန**
**(တိုင်းရင်းဆေးပညာဦးစီးဌာန)**

သံတမန်များအနေနဲ့ တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဈေးကွက်မှာ ထုတ်လုပ်ရောင်းချနေတဲ့ ဆေးဝါးတွေကို စည်းစနစ်တကျနဲ့ထုတ်လုပ်ရောင်းချဖို့ ပညာပေး အစီအစဉ်တွေမှာ ပါဝင်ဆောင်ရွက်ပေးဖို့နဲ့ မြန်မာ့တိုင်းရင်းဆေးဝါးတွေကို ပြည်သူတွေ ယုံကြည်အားကိုးစွာနဲ့ ပိုမိုသုံးစွဲလာနိုင်အောင် အသိပညာပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ။

**ဌေးနိုင်**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဦး

### အသက်(၈၁)နှစ်

နန့်စန်မြို့ ရပ်ကွက်(၄)၊ မင်းလမ်း၊ အမှတ် (၄/၁၀၂)နေ (ဦးသိန်းကျော်-ဒေါ်ဒွား)တို့၏ သမီး၊ (ဦးသာဆိုင်-ဒေါ်ရိုးတီ)တို့၏ သမီးချွေးမ၊ (ဦးဘကျော်)၏ ဇနီး၊ ဦးအောင်ကျော်ဦး(ဦးစီးအရာရှိ၊ ကညန-အောင်ပန်း)-(ဒေါ်နုနုသန်း)၊ ဦးစိုးလွင်ကျော် (အထွေထွေမန်နေဂျာ-အင်းဝဘဏ်လီမိတက်ရုံးချုပ်၊ နေပြည်တော်)-ဒေါ်ခင်မမမြိုင်၊ ဒုရဲမှူးအောင်ကျော်မိုး(သတင်းတပ်ဖွဲ့-လယ်ဝေး)-ဒေါ်ခင်မေဦး(အထက်တန်းပြ-ငြိမ်း)၊ ဦးအောင်ကျော်သန်း(ခ)ကိုသူ (ထူးဆန်း မော်တော်ယာဉ်အသင်း)-ဒေါ်နန်းအေးအေးမြ၊ ဦးတေဇာအောင်(အင်ဂျင်နီယာမှူး၊ ကညန-မန္တလေး)-ဒေါ်ဥမ္မာကျော်(စာရင်းကိုင်-၂၊ ကညန-ရုံးချုပ်၊ နေပြည်တော်)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၀၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နန့်စန်မြို့ မြို့မသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လွန်း

### အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ထိန်တပင်ရွာနေ (ဦးကြီးမောင်-ဒေါ်မြစိန်)တို့၏ သမီး၊ (ဦးစိန်ခို-ဒေါ်စိုး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကမာကြည်လမ်း၊ တိုက်(၁၆၁)၊ အခန်း(၃)နေ [ဦးကြည်သန်း (ရေကြောင်းဦးစီးဌာန-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးဇော်အောင် (1/E-MTM)-ဒေါ်ဥမ္မာစိုးစိုး၊ ဦးပုညမင်း၊ ဦးစိုးရီ-ဒေါ်ပပစိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်သီဟစိုးရီ (SIAM Technology University)၊ မောင်အောင်ကောင်းမြတ် (STI Myanmar University)၊ မအိအိစိုးရီတို့၏ အဘွားသည် ၁၉-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မြ (ဗဟိုရ်စည်)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဗဟိုရ်စည်ရပ်ကွက်နေ (ဦးစိန်လှိုင်-ဒေါ်မြိုင်)တို့၏ သမီး၊ (ဦးထွန်း-ဒေါ်ညွန့်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးကျင်ရွှေ-ဒေါ်လှလှဝင်း)၊ ဦးတင့်ဝေ-ဒေါ်အေး၊ (ဦးတင်ယု)၊ ဦးသင်းနိုင်-ဒေါ်စန်းလှ၊ ဦးထွန်းထွန်းနိုင်-ဒေါ်ပြုံးပြုံးရီ၊ ဦးထွန်းထွန်းခိုင်-ဒေါ်သင်းသင်းမူ၊ (ဦးမြတ်မိုး)-ဒေါ်သူဇာနွယ်၊ ဦးစိုးမိုးလွင်-ဒေါ်ကြည်ကြည်လှိုင်၊ ဦးစောဦး-ဒေါ်အိအိလှိုင်တို့၏ မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီ(၃)လမ်း၊ အမှတ်(၁၃၅၄)နေ (ဦးတင့်စိန်)၏ ချစ်လှစွာသောဇနီးသည် ၁၉-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ခင် အသက် (၈၀)

### အထက(၁)၊ အမက (၁၂) တောင်ဥက္ကလာပ(ငြိမ်း)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊အမှတ်(၁၁၁၀) နေ (ဦးခင်မောင်ကြီး-ဒေါ်အုန်းကြည်)တို့၏ သမီးကြီး၊ ဒေါ်ငွေငွေဝင်း(ခ)မတူး၏ အစ်မကြီး၊ မောင်ဟိန်းသက်ဇော်၏ ကြီးမေကြီးသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃း၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ် ရီရီနွဲ့

### ၇၄-၇၈ (ရူပဗေဒ)

### စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း(ငြိမ်း)

### အသက် (၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်)-ဒေါ်ခင်ရီတို့၏ သမီး၊ [ဒုဗိုလ်မှူးကြီး သိုးထိန်း(ငြိမ်း)-ဒေါ်သောင်းတင်]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ တိုက်(၂၄)၊ အခန်း(၃၅)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဒေါက်တာပေါ်ဦးတင်)၏ ချစ်လှစွာသောဇနီး၊ ကိုငြိမ်းလွင်ဦး (Uniteam Marine)၊ ကိုထက်ပိုင်ဦး (2nd Mate F.G၊ Myanmar Five Star Line)တို့၏ ချစ်လှစွာသောမိခင်၊ ဦးမျိုးအောင်-ဒေါ်ဖြူဖြူခင်၊ ရဲမှူးကြီးဝင်းကြည်-ဒေါ်လဲ့လဲ့ဝင်းရီ၊ ကပ္ပတိန်ဦးကျော်စွာမျိုးဝင်းတို့၏ ညီမ/အစ်မ၊ မချစ်သုစစ်ငြိမ်း (အထက-၂၊ လသာ)၏ ချစ်လှစွာသောအဘွား ဒေါ်ရီရီနွဲ့သည် ၁၉-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်သိန်း

### အသက်(၆၄)နှစ်

### ကျောက်တံခါးမြို့

ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်းနေ (ဦးထွန်းအောင်-ဒေါ်အေး)တို့၏ သားကြီး၊ ဦးသိန်းစန်း-ဒေါ်ခင်သန်းထွေး၊ (ဦးသိန်းလွင်)၊ ဒေါ်ကြည်ကြည်စန်း၊ ဦးအောင်ကျော်သိန်း-ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ကြည်ကြည်အောင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးအောင်သိန်းသည် ၁၈-၈-၂၀၁၉ ရက် ညနေ ၃း၁၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ်-၄၂/၄၃၊ ခေမာသီလမ်း၊ င/ရပ်ကွက်၊ မ/ဥက္ကလာပ နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအေးမြင့် (၇၉)နှစ်

### စိုက်ပျိုးရေးဌာန(ငြိမ်း)၊ ဟင်္သာတ

ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၉)ရပ်ကွက်၊ မိုးဟိန်းလမ်း၊ အမှတ်(၁၂၆/၁၂၇)နေ (ဦးကျော်ညွန့်-ဒေါ်ခင်ညွန့်)တို့၏ သား၊ (ဦးဓမ္မာလင်္ကာရ) ဝါဆိုဆရာတော် ဟင်္သာတ၏ညီ၊ (ဒေါ်ကြည်)၏မောင်၊ ဒေါ်ရည်(မြို့မမူကြို၊ ဟင်္သာတ)၏ အစ်ကို၊ ဒေါ်စန်းနွယ်၏ခင်ပွန်း၊ ကိုသက်နောင်မျိုး-မဆွေဆွေမြင့် (ဇေယျာသူဆန်ဆိုင်)၊ ကိုမျိုးမင်းမြင့်-မစုမြတ်နန္ဒာဝင်း၊ ကိုခင်မောင်ဇော်-မခင်ငြိမ်းငြိမ်းကျော် (မြန်မာကဥ္စနာကုမ္ပဏီ)၊ မောင်အောင်မျိုးဆွေတို့၏ဖခင်၊ မေသက်နှင်း၊ မေနှစ်သစ်၊ မြတ်သန့်စင်မောင်တို့၏အဘိုးသည် ၁၉-၈-၂၀၁၉(တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ခင်(အလုံ)

### စီမံရေးဌာန(ငြိမ်း)

### မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

### အသက်(၇၃)နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် (၂၉)နေ (ဦးစံ-ဒေါ်ရင်)တို့၏ သား၊ ဒေါ်အမာရီ (MPPE-ငြိမ်း)၏ ခင်ပွန်း၊ (ဦးဝင်းလှိုင်)၊ ဦးဘိုဘိုလှိုင်-ဒေါ်မြအေးစံတို့၏ ဖခင်၊ ဒေါ်ကျင်လှိုင် (လယ်/ဆည်၊ ငြိမ်း)၏ အစ်ကို၊ မောင်ကောင်းမြတ်စံ၊ မောင်သုတကောင်းစံတို့၏ အဘိုးသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက် -၂၃၁၄၊ အခန်း-၀၃ နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးမြင့် (Philip Chan)

### စိန့်ပွန်းကျောင်းသားဟောင်း

### အငြိမ်းစား ဘူမိဗေဒအရာရှိ၊ မြေအောက်ရေကြီးကြပ်ရေးဌာန (အိုးအိမ်)

### အသက် (၇၆) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၂) ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် (၄၉)နေ (ဦးဘိုးချမ်း-ဒေါ်ရင်)တို့၏ သား၊ (ဗိုလ်မှူးကြီးကြင်-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ [ဒေါ်ခင်စောမူ (Lily Kyin) ဘူမိအရာထမ်း (တ)ငြိမ်း၊ ဘ.ဓ.ရ]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးခိုင် (98 Mech:)-ဒေါ်အောင်မိုးသူ၊ (ဒေါ်ညိုညိုမျိုးမြင့်)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်သီဟဇော်၊ Katherine Khine၊ Karen Khine တို့၏ ချစ်လှစွာသောအဘိုးသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

## ဦးအောင်သိန်း

### အသက် (၆၄)နှစ်

### ကျောက်တံခါးမြို့

ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်းနေ (ဦးထွန်းအောင်-ဒေါ်အေး)တို့၏ သားကြီး၊ ဦးသိန်းစန်း-ဒေါ်ခင်သန်းထွေး၊ (ဦးသိန်းလွင်)၊ ဒေါ်ကြည်ကြည်စန်း၊ ဦးအောင်ကျော်သိန်း-ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ကြည်ကြည်အောင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးအောင်သိန်းသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၂/၄၃၊ ခေမာသီလမ်း၊ င/ရပ်ကွက်၊ မ/ဥက္ကလာပ နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

## ဦးကိုကိုအောင်

### (B.Sc, Chem), AGTI MP(91)

### (ထောက်ကြန့်)

### အသက်(၅၄)နှစ်

### (ဦးစီးအရာရှိ၊ စက်မှုလယ်ယာဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး)

(ဦးမျိုးတင့်-နော်မဂ္ဂီရင်)တို့၏ သား၊ (ဦးလှိုင်-ဒေါ်ခင်သိုက်)တို့၏ သားသမက်၊ (ဒေါက်တာကိုကိုကြီး)-ဒေါ်သန်းဝင်းခင်(အထက-၁၊ ရွှေပြည်သာ)၊ (ဦးကိုကိုလေး-ဒေါ်အေးပို)တို့၏ ညီ၊ ဦးကိုကိုလင်း၊ ဦးကိုကိုသိန်း-ဒေါ်အမာရွှေတို့၏ အစ်ကို၊ (ဒေါ်ရည်မွန်)၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးသျှားတင် (ပဥ္စမနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၏ ချစ်လှစွာသောဖခင်သည် ၁၉-၈-၂၀၁၉ ရက် နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးကိုကို

### အသက်(၃၄)နှစ်

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ အမှတ်(၁၉၃)နေ (ဦးကိုကိုလေး)-ဒေါ်ခင်ဝင်းရီတို့၏ ဒုတိယမြောက်သား၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ဝဇီရာ(၁၀)လမ်းနေ (ဦးကျော်ကျော်ဦး)-ဒေါ်စန်းစန်းဝင်းတို့၏ သားသမက်၊ ဦးဝိသုဒ္ဓ ၏ ညီ၊ မချယ်ရီကိုလေး(ခေတ္တ-ဂျပန်)၊ မလွင်မီမီကိုတို့၏ အစ်ကို၊ မဇင်ဇင်ထက်၏ ချစ်လှစွာသောခင်ပွန်း၊ မမှူးမြတ်ဝတီကို ၏ မွေးသဖခင်သည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဥက္ကလာပမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## သက်တော်ရှည်ကျွဲကူးတောရဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒောဘာသ

### သိက္ခာတော်(၈၀)ဝါ၊ သက်တော်(၁၀၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကျွဲကူးကျေးရွာ၊ ကျွဲကူးတောရ(၁၀၁)တပ်ဦးကျောင်း ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒောဘာသ မဟာထေရ်မြတ်ကြီးသည် (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်)၊ ၁၇-၈-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်)၊ ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောင်းတိုက်ရှေ့လောင်တိုက်မြေနေရာ၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

## အနိစ္စ

## ဒေါ်ကျန်အေးမ(စနဲမြို့)

### အသက်(၉၂)နှစ်

စနဲမြို့လူမှုရေးအသင်း(ရန်ကုန်)ဝင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၀၂၄/က)၊ မဟာဗန္ဓုလလမ်း၊ (တ/၁၅) ရပ်ကွက်နေ (ဦးဘရင်)၏ဇနီး ဒေါ်ကျန်အေးမသည် ၁၆-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျူချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသား/သူများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်ကော်မတီ

စနဲမြို့လူမှုရေးအသင်း(ရန်ကုန်)

---

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

## ဆရာမကြီး ဒေါ်မြရီ

### (ပေါက်ခေါင်းမြို့)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်(၆၈)၊ အခန်း (၄)နေ သက်ကြီးကန်တော့ခံ ရာသက်ပန်အသင်းဝင် တိုင်းရင်းသမားတော်ကြီး ဆရာကြီး ဦးထွန်ရ(ပညာရေးအထူးအရာရှိ-ငြိမ်း) ရာ-၄၁၄ ၏ဇနီးသည် ၁၇-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးအောင်ကျော်မိုး (ချောက်)

### အသက်(၅၅)နှစ်

### (AGTI-EP) လျှပ်စစ်အင်ဂျင်နီယာ-ဒေင်အုပ်စုကုမ္ပဏီလီမိတက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ ကွက်သစ်အနောက်ရပ်ကွက်၊ သီပေါလမ်း၊ အမှတ်(၆၆)နေ (ဦးဆင်)-ဒေါ်မြင့်မြင့်တို့၏ သား၊ (ဦးတင်)-ဒေါ်ခင်မေတို့၏ သားသမက်၊ ကြည်ကြည်ညွန့် (အလပြ-ငြိမ်း)၊ ဒေါ်ချိုချို (မြန်မာ့စာတိုက်လုပ်ငန်း-ဝါဇီ)၊ ဒေါ်မြင့်မြင့်ဆွေတို့၏မောင်၊ ဒေါ်သန်းသန်းအေး၏အစ်ကို၊ မောင်အောင်သူမြင့်၏ ဦးလေး၊ ဦးဇော်မင်း၊ ဒေါ်မော်မော် (ဆင်မင်း လက်ဖက်စို/ချောက်ရောင်းဝယ်ရေး-ချောက်မြို့)၊ ဦးအောင်မြင့်၊ ဒေါ်ခင်ဆွေဦး(နေပြည်တော်)၊ ဦးငွေဝင်း(3/EFG)၊ ဒေါ်လွင်လွင်ဦး (ISL ကုမ္ပဏီ)၊ ဦးကျော်မင်းအောင် (MEC)၊ ဒေါ်မိုးကေသီ (ရေနံဓာတု)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့နေ ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်းသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဒေင်အုပ်စုကုမ္ပဏီလီမိတက် ရွှေစပယ်ရိပ်မွန်နှင့် ဖော့ကန်စောင်စက်ရုံဝင်းရှေ့တို့မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒေင်အုပ်စုကုမ္ပဏီလီမိတက် ဝန်ထမ်းအိမ်ရာ၊ ဖော့ကန်စောင်(၂)စက်ရုံဝင်း၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ဉာဏာလင်္ကာရ

### သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဓမ္မိတိုက်နယ်၊ ကညင်ကောက်အုပ်စု၊ တောရှည်ကျေးရွာ၊ တောရှည်ကျောင်းတိုက် ဦးစီးပဓာနနာယက မဟာထေရ်ဖြစ်တော်မူသော ဘဒ္ဒန္တ ဉာဏာလင်္ကာရသည် (၁၃၈၁ခုနှစ်၊ဝါခေါင်လပြည့်ကျော် ၂ရက်) နံနက် ၁၁း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်)၊ ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် စျာပနကျင်းပရေးကော်မတီ

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်ခင်သန်းရင်(ခ) ရှုဗီရာဘီ

### အသက် (၈၂)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၉၂၉) နေ (ဦးထွန်းရှိန်-ဒေါ်လှခင်)တို့၏ သမီး၊ (ဦးဘမြင့်-ဒေါ်အမာ)တို့၏ သမီးချွေးမ၊ (ဟာဂျီဦးခင်မြင့်)၏ ဇနီး၊ Dr. ကျော်ရင်အောင်-ဒေါ်မူမူတို့၏ ညီမ၊ ဦးကေကေ-(ဒေါ်ချိုတီ)၊ (ဦးထွန်းအောင်)-ဒေါ်ရင်ရင်နွဲ့၊ Dr. ဘရင်အောင် (USA)- Dr. အိုင်းရင်း (USA)၊ (ဦးခင်မောင်ဆန်း)-ဒေါ်ကြည်ကြည်မြင့်(USA)၊ (ဦးခင်မောင်ရင်)-ဒေါ်စလီမာတို့၏ အစ်မ၊ ဦးကျော်စိုးခိုင် (လ/ထ ညွှန်မှူး-ငြိမ်း)-ဒေါ်ချိုချိုမြင့်၊ ဦးဘိုဘိုမြင့်-ဒေါ်စန်းစန်း၊ ဦးကိုကိုမြင့်တို့၏ မွေးသမိခင်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီး ဟာဂျီမ ဒေါ်ခင်သန်းရင်(မာမီ)သည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၂၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစ္စရိန်မာဇ်၏အပြီးတွင် ရေဝေးကဗ္ဗသန်သုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သူ (ပဲခူး) (၅၆)နှစ်

### BE (Electronics)

ပဲခူးမြို့နေ (ဦးအုန်းရွှေ-ဒေါ်ရင်အေး)တို့၏ ဒုတိယသား၊ Dr.အောင်ကျော်ဦး (အောင်ဆေးခန်း)-ဒေါ်စပယ် တို့၏ ညီ၊ ဦးခင်ဇော်-ဒေါ်ကေသီ (မြင့်သဇင်အထည်ဆိုင်)၊ Dr.အောင်ကျော်မိုး (တွဲဖက်ပါမောက္ခ/မေ့ဆေး-ရန်ကင်းကလေးဆေးရုံကြီး)၊ Dr.ဆွေနွယ်ဝင်း (တွဲဖက်ပါမောက္ခ-ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဒေါ်နွယ်နီအုန်းတို့၏အစ်ကို၊ Dr.ခင်ရတနာကျော် (DKSH Co.,Ltd.)၊ Dr.ခင်လမင်းကျော် (လက်ထောက်ဆရာဝန်၊ နေပြည်တော် ခုတင်-၁၀၀၀၊ ဆေးရုံ)တို့၏ ဖခင်၊ ဒေါ်ရီရီမာ၏ခင်ပွန်း ဦးကျော်သူသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၂၈ နာရီတွင် ရန်ကုန်ခုတင်(၅၀၀) အထူးကု ဆေးရုံကြီး၊ အသည်းဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တိုက်(၇/၅)၊ လိပ်ပြာကန်အိမ်ရာ၊ ပဲခူးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးရန်နိုင်

### အသက်(၅၄)နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ နဝရတ်လမ်းသွယ်၊ အမှတ်(9/E-1) နေ (ဦးမောင်မောင်လှ)-ဒေါ်ခင်မေတို့၏ သားကြီး၊ (ဒုဗိုလ်မှူးကြီးစံညွန့်-ဒေါ်ခင်မေကြည်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်နိုင်၏ မောင်၊ ဦးရန်အောင်-ဒေါ်ဒီလိုင်းလာ၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးထင်ကျော်လင်း-ဒေါ်ပိုးအိယဉ်မွန်တို့၏ အစ်ကိုကြီး၊ မောင်ခန့်သူနိုင်ဇော်-မပန်ရည်သာ၊ မောင်လှကျော်မျိုးနိုင်၊ မောင်မင်းဆက်အောင်တို့၏ ဖခင်၊ မောင်ဘုန်းပြည့်ခန့်၏ အဘိုး၊ မသီရိယဉ်မွန်အောင်၏ ဘကြီး၊ ဒေါ်တိုးတိုးညွန့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Cecile Fradot အား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ ၃ »»



# ဂုတ်တွင်းတံတားသံပေါင်များ တပ်ဆင်ပြီးစီး၍ ကြမ်းခင်း ခင်းနေပြီး ဩဂုတ် ၂၀ ရက်တွင် တံတားပေါ်မှ ကားများ ဖြတ်သန်းခွင့်ပြုမည်

**ရန်ကုန် ဩဂုတ် ၁၉**

မန္တလေး-လားရှိုး-မူဆယ် နယ်စပ်ကုန်သွယ်ရေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်းခွဲဖျက်ဆီးခံခဲ့ရသော ဂုတ်တွင်းတံတားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုဖြင့် တံတားအထူးအဖွဲ့များက တည်ဆောက်တပ်ဆင်လျက်ရှိရာ ယနေ့တွင် အလျားပေ ၂၁၀ နှစ်လမ်းသွားဘေလီတံတား သံပေါင်များ တပ်ဆင်ပြီးဖြစ်သည်။

သို့ဖြစ်၍ တံတားကြမ်းခင်းများ ဆက်လက်တပ်ဆင်ရာ ပြီးစီးတော့မည်ဖြစ်သဖြင့် ဩဂုတ် ၂၀ ရက်တွင် ကားများ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်ဟု သိရသည်။

အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာ ၂၈ ဦးတို့က ဦးဆောင်၍ တံတားအထူးအဖွဲ့ ၂၊ ၄၊ ၆၊ ၉၊ ၁၂ နှင့် တည်ဆောက်ရေးအဖွဲ့ (၃) တို့မှ ကျွမ်းကျင်ဝန်ထမ်း ၁၀၅ ဦး စုစုပေါင်း ၁၃၃ ဦးတို့က အဖွဲ့များခွဲ၍ နေ့ ည တည်ဆောက်နေကြခြင်းဖြစ်သည်။

**ခရမ်းစိုးမြင့်**

# MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၁၉ ရာသီ MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး ဆုဖလားလက်ခံရယူသည်။

**တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ**

နောက်ဆုံးပွဲအဖြစ် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီ နှစ်ပွဲအလိုကတည်းက ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ရှုံးပွဲမရှိ ချန်ပီယံဆုရယူနိုင်မည့် မှတ်တမ်းကောင်း လက်လွှတ်ခဲ့ရသည်။

**ဆုချီးမြှင့်**

ရှမ်းယူနိုက်တက်-ရောဝတီပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ တတိယဆုရသည့် ရန်ကုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရခဲ့သည့် ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပထမဆုရသည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် **စာမျက်နှာ ၈ ကော်လံ ၄ သို့** ❖


"မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

▶▶ဂျပန်နိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Automotive Engineering Diploma (3rd class)
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၅၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 22 - 10 - 2019
သင်တန်းအပတ်စဉ် - (၃၉) ၊ (၄၀)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

သင်တန်းပြီးလျှင် ရရှိနိုင်သောအခွင့်အလမ်းများ
- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း ။ လက်ရှိ GLORY ကျောင်းသား (၅၀) ခန့် ဂျပန်တွင် ပညာသင်ယူနေပါသည်။
- မော်တော်ကားပညာရပ်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်ခြင်း။ လက်ရှိ GLORY ကျောင်းဆင်း (၄၀)ခန့် ဂျပန် တွင် လုပ်ငန်းခွင် ဝင်ရောက်လျက်ရှိသည်။
- ပြည်တွင်းရှိ မော်တော်ကားနှင့်ဆက်စပ် ကုမ္ပဏီကြီးများ ၊ Service Centre များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း။
- ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် နှင့် ကျောင်းဆက်တက်ရန်တို့အတွက် GLORY မှ ကူညီဆောင်ရွက်ပေးခြင်း။

▶▶ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်ဖြစ်သော ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် (မော်တော်ကားတစ်စီးလုံး)ကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်။

ဖော်ပြပါ သင်တန်းအတွက် Scholar ပေးအပ်ရန်ရှိပြီး (25.8.2019) မတိုင်ခင် GLORY ကိုဆက်သွယ် လျှောက်ထားနိုင်ပါသည်။ ● ● ● ●



Suzuki (Myanmar) Motor Co. Ltd , တွင်ခန့်ထားခံရသောGLORY ကျောင်းသားများ




Capital Motor Ltd , တွင်ခန့်ထားခံရသော GLORY ကျောင်းသားများ



HTS Car Service Centre တွင် ခန့်ထားခံရသော GLORY ကျောင်းသားများ




Hino Service Station တွင် ခန့်ထားခံရသော GLORY ကျောင်းသားများ

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook - GLORY Career Training Centre